ရှေ့ပြေး
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (22-8-2010) (၆၄၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တရားဝင်လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ခွင့်ရတော့မည်ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဂုဏ်ယူဝမ်းမြောက်

နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေး နယ်ခြားစောင့်တပ်များ ဖြစ်ပေါ်လာမှုကို ပြည်သူများက ဂုဏ်ပြုကြိုဆို

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များပြုလုပ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

သစ္စာအဓိဋ္ဌာန် ရွတ်ဆို

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

၂၂-၈-၂၀၁၀
(တနင်္ဂနွေနေ့)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာ

မြို့ကြီးများအတွင်း စီးပွားရေးဖွံ့ဖြိုးလာမှုနှင့်အတူ လူဦးရေသိပ်သည်းစွာ နေထိုင်လျက်ရှိသည်။ မော်တော်ယာဉ် အရေအတွက်များ တိုးပွားလာသည်။ တိုးတက်လာသော လူဦးရေနှင့် ယာဉ်စီးရေတို့ကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်အဝန်း ယာဉ်အန္တရာယ် ခြိမ်းခြောက်မှု မြင့်တက်လာသည်ကို တွေ့ရသည်။ ယာဉ်မောင်းများနှင့် လမ်းပေါ်တွင် ခြေကျင်သွားလာနေသူများအားလုံးက ယာဉ်အန္တရာယ်ကင်းရှင်းစေရေး သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာမောင်းနှင် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်လိုင်းများတွင် ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှု ၁၀၀ ကျော် ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ၂၀၀ ကျော်၊ သေဆုံးသူ ၄၀ ကျော်ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုများသည် အဓိကအားဖြင့် ယာဉ်မောင်းများ၏ ပေါ့ဆမှုများကြောင့် ဖြစ်ကြရပြီး စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုနှင့် ရာသီဥတုအခြေအနေများကြောင့်လည်း ဖြစ်ပွားတတ်သည်။ အများအားဖြင့် မူးယစ်သောက်စားမောင်းနှင်ခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင် ယာဉ်ကြောလုမောင်းနှင်ခြင်း၊ မိုင်နှုန်းမြှင့်မောင်းနှင်ခြင်း စသည့် မဆင်မခြင်မောင်းနှင်နေမှုများကို တွေ့မြင်နေရဆဲဖြစ်သည်။

ယာဉ်မောင်းသူတိုင်း မြို့တွင်းမြို့ပြင် သတ်မှတ်မိုင်နှုန်းနှင့်အညီ မောင်းနှင်ရေး၊ မူးယစ်သောက်စားပြီး မမောင်းနှင်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမောင်းနှင်စေရေး ပိုမိုကြပ်မတ်ဆောင်ရွက်ပေးကြရပေမည်။

ယာဉ်မတော်မဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်တတ်သကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားနေသည်ကို တွေ့ရသည်။ ခရီးသွားပြည်သူများအနေဖြင့် လူကူးမျဉ်းကျား၊ ခုံးကျော်တံတား၊လူသွားစင်္ကြံတို့မှ ကူးဖြတ်ခြင်း စသည်ဖြင့် လမ်းစည်းကမ်းများ လိုက်နာကြရန် လိုအပ်သည်။

သက်ဆိုင်ရာတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေး ထိန်းသိမ်းကြပ်မတ်နေကြပြီ။ အသိပညာပေး ဟောပြောပွဲများ၊ ပြိုင်ပွဲ၊ ပြပွဲများ ပြုလုပ်လျက်ရှိသည်။ ယာဉ်မောင်းသူတိုင်းက အသိစိတ်ဓာတ်ဖြင့်ယှဉ်၍ သတ်မှတ်ယာဉ်စည်းကမ်းများနှင့်အညီ တိတိကျကျ မောင်းနှင်ခြင်း၊ လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့၍ မောင်းနှင်ခြင်း၊ ခရီးသွားပြည်သူများအပိုင်းကလည်း လမ်းစည်းကမ်းများကို သတိပြုဆင်ခြင်လိုက်နာကြခြင်းတို့ဖြင့် ပြည်သူတိုင်း ယာဉ်အန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ကမာရွတ်မြို့နယ် အထက (၄) ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မဝင့်မြင့်မြတ်အိမ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံး ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရေနေသတ္တဝါများနှင့် ဒီရေတောများ ထိန်းသိမ်းရေးပညာပေး ပိုစတာစိုက်ထူ

ရသေ့တောင် ဩဂုတ် ၂၁

စစ်တွေခရိုင် ရသေ့တောင်မြို့နယ်၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေ၍ ဖမ်းဆီးသတ်ဖြတ်ရောင်းဝယ်စုဆောင်းခြင်းခွင့်မပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ထားသော ရေနေသတ္တဝါများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေနေသတ္တဝါများ ပေါကြွယ်ဝစေရေးနှင့် ဒီရေတောများ ထိန်းသိမ်းရေး ပညာပေးပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ရသေ့တောင်မြို့နယ် ကူးတို့လှေများ ဆိုက်ကပ်ရာ ဆိပ်ကမ်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ (အောက်ပုံ)

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လူနာများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် ယမန်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသော Life Style & Car Expo 2010 ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခန်းမအတွင်း ခင်းကျင်း ပြသထားသော လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ဝမ်းတွင်း ဩဂုတ် ၂၁

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇူလိုင် ၂၈ ရက်က မြို့နယ်ခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရန်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရှင်းလင်းပို့ချသည်။ ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက ဆွေးနွေးမေးမြန်းသည်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီး ဘိုးဘွားရိပ်သာရှေ့ရှိ လမ်းလယ်တြိဂံကျွန်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဩဂုတ် ၄ ရက်က ကွင်းဆင်းစစ်ဆေးရာ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အင်ဂျင်နီယာမှူးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပဲခူး စစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

ဝေါ ဩဂုတ် ၂၁

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ပဲခူးစစ်တောင်းတူးမြောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက်က ဝေါမြို့ ပဲခူးစစ်တောင်း တူးမြောင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးစိုးပိုင်၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်သိန်း၊ ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် ဝေါမြို့နယ်၊ ပဲခူးမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များက စုပေါင်း ငါးလွှတ်ခဲ့ကြသည်။

(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

မန္တလေးသမ စည်းဝေး

မန္တလေး ဩဂုတ် ၂၁

မန္တလေး သမဝါယမအသင်းစုချုပ်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အိုရီယံတယ်ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းကြည်က ဆောင်ရွက်သည်။ ထို့နောက် ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် ဒါရိုက်တာအဖွဲ့ဝင် ငါးဦး၊ အသင်းစာရင်းစစ်နှစ်ဦး ရွေးချယ်တင်မြှောက်ကြောင်း သိရှိရသည်။

(၃၈၇)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

ဗိုလ်ချုပ်မြင့်စိုး ခရိုင်အလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဩဂုတ် ၁၇ ရက်တွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ခရိုင်အလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ရှေးဦးစွာ မုံရွာခရိုင် လက်ရွေးစင်အသင်းနှင့် ရွှေဘိုခရိုင်လက်ရွေးစင်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပထမနှင့်ဒုတိယဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမဆုရ မုံရွာခရိုင်လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးသည် အားကစားသမားများနှင့် ဒိုင်အဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးမြို့ရှိ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ သင်တန်းဆရာများ၊ ဆရာဝန်မွမ်းမံသင်တန်း(၂/၂၀၁၀) သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ဒုတိယဝန်ကြီး ဦးကျော်မြင့် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်သည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် မကွေးမြို့တော်ခန်းမ၌ ကျင်းပသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်းက ဒေသအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးတက္ကသိုလ်(မန္တလေး)၌ ဆရာဝန်မွမ်းမံသင်တန်းသားများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး အဆောက်အအုံ ပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်း၊ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာ အောင်မရနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် ဆေးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်၍ စာသင်ဆောင် G(1)၌ ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းနှင့် မန္တလေးမြို့ရှိ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ သင်တန်းဆရာများ၊ ဆရာဝန်မွမ်းမံသင်တန်း (၂/၂၀၁၀) သင်တန်းသားများနှင့် တွေ့ဆုံရာ၌ ဝန်ကြီးက သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်နှင့် ပြည်သူအား ကျေးဇူးဆပ်သည့်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် စေတနာအပြည့်ထား၍ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန်၊ မွမ်းမံသင်တန်းတွင် သင်ကြားသည့် သင်ခန်းစာများမှာ လက်တွေ့နယ်ပယ်၌ လုပ်ငန်းလိုအပ်ချက်များဖြစ်၍ ကြိုးစားလေ့လာ သင်ကြားမှတ်သားကြရန်၊ ဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာ စောင့်ထိန်းကြလျက် ပြည်သူအများ အားကိုးအားထားပြုသည့် ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားအားထုတ်၍ လူနာအားမိသားစုသဖွယ် စာနာစိတ်ဖြင့် စေတနာထား ပြုစုကုသပေးသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် ထက်/လယ်/မူကျောင်းများ ဘောလုံးပြိုင်ပွဲတွင် အထက(၇) မင်္ဂလာတောင်ညွန့်မှ ပထမဆုရ (၁၆) နှစ်အောက် ကျောင်းသားအသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၇ ရက်တွင် လမ်းများ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ် ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန်ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ဉာဏ်အမြင်ရှင်းကြပါစေ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆း၅၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၇း၀၀	MRTV-4 သတင်း
၇း၄၅	နှစ်(၅၀၀)ပြည့်ကေတုမတီ
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၅)**
၈း၄၀	2010 Summer Youth Olympics
၉း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်များ"
၉း၃၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်]
၁၀း၂၀	ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦးမေတ္တာရိပ် အောက်မှာ. . .
၁၀း၄၀	ရတနာရွှေမိုး ရှာသွန်းဖြိုးစေသော်ဝ် ရွှေမိုးကောင်းစေတီတော်
၁၀း၅၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၂၄)
၁၁း၂၀	ဗီဒီယိုပြခန်း
၁၁း၄၀	အဆီအနှစ်ပြည့်ဝသော သဘာဝအရသာနန်းဝေရို့မှုန့်မှာ
၁၂း၀၀	ဈေးဝယ်လမ်းညွှန် (YGN & No Name)
၁၂း၃၀	အနာဂတ်ပန်းတိုင်ဆီသို့. . .
၁း၀၀	"ဉာဏ်အမြင်ရှင်းကြပါစေ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၁း၅၀	ရှုတိုင်းလှသည် ပထက်တောင်အတုလရံသီ
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (ကိုယ့်မိန်းမကိုအမှန်အတိုင်းပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကိုအမှန်အတိုင်း မပြောတာကောင်းတယ်)
၃း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၅)**
၄း၂၀	ရတနာရွှေမိုး ရှာသွန်းဖြိုးစေသော်ဝ် ရွှေမိုးကောင်းစေတီတော်
၄း၃၅	အရည်အသွေးတို့၏အစပထမ
၄း၅၀	ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦးမေတ္တာရိပ် အောက်မှာ. . .
၅း၁၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၂၄)
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	2010 Summer Youth Olympics
၆း၅၀	ဗီဒီယိုပြခန်း
၇း၀၅	7 Golden Girls Live Show (Part-1)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (ကိုယ့်မိန်းမကိုအမှန်အတိုင်းပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကိုအမှန်အတိုင်း မပြောတာကောင်းတယ်)
၉း၂၅	Barclays Premier League (Fulham Vs Man U)
၁၁း၂၅	**MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၅)**
၁၂း၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်များ"
၁၂း၂၅	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၁၂း၄၀	လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Newcastel - Aston Villa	ESPN (Live)
၉း၂၅	Fulham - Man U	ESPN (Live)

ဂါဇာထောက်ပံ့ရေးသင်္ဘောကို တားဆီးရန် လိုအပ်လျှင် အင်အားသုံးမည်ဟု အစ္စရေးသတိပေး

တဲလ်အဗစ် ဩဂုတ် ၂၁

အမျိုးသမီးများသာ လိုက်ပါလာသော ဂါဇာထောက်ပံ့ရေး သင်္ဘောတစ်စင်းကို ဂါဇာသို့ သွားရောက်ခွင့်မပေးရန် အစ္စရေး၏ သတိပေးချက်ကို လက်ဘနွန်က လက်ခံခဲ့ခြင်းမရှိသောကြောင့် အဆိုပါ ဂါဇာထောက်ပံ့ရေးသင်္ဘောကို တားဆီးရန် အင်အားကို အသုံးပြုနိုင်ကြောင်း အစ္စရေးနိုင်ငံက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

ဘိုလီဗီးယားအလံ လွှင့်တင်ထားသော မာရီယယ်အမည်ရှိ ဂါဇာထောက်ပံ့ရေးသင်္ဘောသည် ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားသော အစ္စရေးရေတပ် အပိတ်အဆို့များကို ချိုးဖောက်ဝင်ရောက်ရန် ရည်ရွယ်ထားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံပေးပို့သော ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး၏စာတွင် ဖော်ပြထားသည်။

အလားတူ နာဂျီအယ်လ်အလီအမည်ရှိ ဂါဇာထောက်ပံ့ရေးသင်္ဘောတစ်စင်းသည်လည်း အလားတူ ရည်ရွယ်ချက်မျိုးဖြင့် လက်ဘနွန်နိုင်ငံ ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာလာသည်ကို အစ္စရေးနိုင်ငံက သတင်းရရှိထားကြောင်း ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး၏စာတွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ပိတ်ဆို့မှုကို ဖယ်ရှားလိုသည့် ယင်းသင်္ဘောများကို တားဆီးနိုင်ရန် အစ္စရေးနိုင်ငံသည် နိုင်ငံတကာ တရားဥပဒေများနှင့်အညီ လိုအပ်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးသံအမတ်ကြီးက သတိပေးခဲ့သည်။

ဂါဇာထောက်ပံ့ရေး သင်္ဘောများကို ထွက်ခွာခွင့်မပေးရန် အစ္စရေး၏ သတိပေးချက်ကို လက်ဘနွန်အစိုးရက ငြင်းပယ်လိုက်ကြောင်း လက်ဘနွန်သယ်ယူပို့ဆောင်ရေးဝန်ကြီးက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

အချုပ်အခြာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိသင့်လျော်မည်ထင်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခွင့်ရှိရာ အစ္စရေးကာကွယ်ရေးဝန်ကြီး၏ သတိပေးမှုကို လက်ဘနွန်အစိုးရက ပြန်လည်တုံ့ပြန်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ဘူရှိုင်းနျူကလီးယားဓာတ်ပေါင်းဖို။

အီရန် အဏုမြူဓာတ်ပေါင်းဖို လောင်စာ စတင်ဖြည့်သွင်းပြီ

တီဟီရန် ဩဂုတ် ၂၁

ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့သော ဘူရှိုင်းနျူကလီးယားဓာတ်ပေါင်းဖိုကို ယူရေနီယံလောင်စာများ စတင်ထည့်သွင်းနေပြီဖြစ်ကြောင်း အီရန်နိုင်ငံက ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆယ်စုနှစ်ပေါင်းများစွာ နှောင့်နှေးခဲ့ပြီးနောက် အီရန်တောင်ပိုင်းရှိ ဘူရှိုင်းနျူကလီးယားဓာတ်ပေါင်းဖို စတင်လည်ပတ်နိုင်ရန် အီရန်နှင့် ရုရှားကျွမ်းကျင်သူများက ယူရေနီယံလောင်စာများကို ဩဂုတ် ၂၁ ရက်တွင် စတင်ဖြည့်သွင်းနေပြီဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နျူကလီးယားလောင်စာ လွှဲပြောင်းထည့်သွင်းရေး အစီအစဉ်သည် ဩဂုတ် ၂၁ ရက်တွင် စတင်မည်ဖြစ်ပြီး လေ့လာသုံးသပ်မှုများအရ ဘူရှိုင်းနျူကလီးယား ဓာတ်ပေါင်းဖိုအတွက် လောင်စာတောင့် ၁၆၃ တောင့် ထည့်သွင်းရမည်ဖြစ်ကြောင်း ရုရှားကျွမ်းကျင်သူများက ပြောကြားသည်။

နျူကလီးယားဓာတ်ပေါင်းဖိုအတွင်း ယူရေနီယံလောင်စာတောင့်များ လွှဲပြောင်းထည့်သွင်းမှုသည် စက်တင်ဘာ ၅ ရက်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲက ပြောကြားသည်။

အင်တာနက်။

သတင်းကြီးသော ဗူဗူဇီလာ အောက်စဖို့ အင်္ဂလိပ်အဘိဓာန် ဝေါဟာရစာရင်းထည့်သွင်း

လန်ဒန် ဩဂုတ် ၂၁

တောင်အာဖရိကနိုင်ငံတွင် ကျင်းပခဲ့သော ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်များကို အသံဖြင့် လွှမ်းမိုးနိုင်ခဲ့သော ပလတ်စတစ်ခရာ၏အမည်ဖြစ်သည့် ဗူဗူဇီလာသည် နောက်ဆုံးပေါ် အင်္ဂလိပ်ဝေါဟာရများကို ထည့်သွင်း တည်းဖြတ်ကာ ဩဂုတ် ၁၉ရက်က ထုတ်ဝေခဲ့သော အောက်စဖို့ အင်္ဂလိပ်အဘိဓာန်ထဲတွင် နောက်ဆုံးပေါ် အင်္ဂလိပ်ဝေါဟာရတစ်ခုအဖြစ် ပါဝင်သွားပြီဖြစ်ကြောင်း ဩဂုတ် ၂၁ရက် သတင်းများတွင် ဖော်ပြသည်။

ဗူဗူဇီလာခရာများမှ ထွက်ပေါ်လာသော အသံသည် တောင်အာဖရိက ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များ တစ်လျှောက် နားပင်းလုမတတ်လွှမ်းမိုးခဲ့ပြီး ဘောလုံးသမားများနှင့် စောင့်ကြည့်လေ့လာသူများက ဗူဗူဇီလာခရာများကို ဝေဖန်ခဲ့ကြသည်။

သို့ရာတွင် ဗူဗူဇီလာသည် ဝေါဟာရသစ် ၂၀၀၀ ကျော်ကို ထပ်ဆောင်းဖြည့်တင်းကာ တတိယအကြိမ်မြောက် တည်းဖြတ် ထုတ်ဝေသည့် အောက်စဖို့အင်္ဂလိပ် အဘိဓာန်ထဲတွင် ခေတ်ပေါ်ဝေါဟာရစကားလုံးအဖြစ် ပါဝင်ခဲ့ပြီဖြစ်သည်။

ယင်းအဘိဓာန်၌ ဗူဗူဇီလာဆိုသော ဝေါဟာရကို အင်္ဂလိပ်ဘာသာရှိ အလွန်မခံချိမခံသာဖြစ်အောင် ပြန်လည် တုံ့ပြန်ခံရခြင်း (Hornet's nest) ဟု အဓိပ္ပာယ်ရသည့် အီဒီယမ်ဝေါဟာရနှင့် နှိုင်းယှဉ်အဓိပ္ပာယ်ဖွင့်ထားသည်။

နိုင်ငံပေါင်း ၆၀ကျော်မှ ဘာသာဗေဒပညာရှင် ၃၂၀ ကျော်တို့ကို တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အဓိက ပုံရိပ်အဖြစ် သတ်မှတ်နိုင်မည့် ဝေါဟာရကို ရွေးချယ်စေသောအခါ ၇၅ ရာခိုင်နှုန်းက ဗူဗူဇီလာဟူသော ဝေါဟာရကို ရွေးချယ်ခဲ့သည်။

အင်တာနက်။

တရုတ်စူးစမ်းလေ့လာရေးအဖွဲ့ မြောက်ဝင်ရိုးစွန်းသို့ရောက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စတုတ္ထမြောက် စူးစမ်းလေ့လာရေးအဖွဲ့သည် ဩဂုတ် ၂၀ ရက်က မြောက်ဝင်ရိုးစွန်းသို့ ဂရင်းနစ်စံတော်ချိန် ၀၇း၃၈ နာရီတွင် ရောက်ရှိသွားပြီးနောက် အဖွဲ့ခေါင်းဆောင်နှင့် သိပ္ပံပညာရှင်တစ်ဦးတို့က အမျိုးသားအလံနှင့် အထိမ်းအမှတ်အလံတို့ကို စိုက်ထူကြစဉ်။

[အဆိုပါ စတုတ္ထမြောက် စူးစမ်းလေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ မြောက်ဝင်ရိုးစွန်း စူးစမ်းလေ့လာရေးအဖွဲ့များအနက် မြောက်ဘက်အစွန်ဆုံးဒေသသို့ ပထမဆုံး ရောက်ရှိသွားသည့် အဖွဲ့ဖြစ်သည်။]

ဆင်ဟွာ။

လော့ကာဘီဗုံးခွဲသမား လစ်ဗျားနိုင်ငံသားကို ပြစ်ဒဏ်ဆက်ပေးရန် အမေရိကန်တောင်းဆို

ဝါရှင်တန် ဩဂုတ် ၂၁

ပင် အမေရိကန်လေကြောင်းလိုင်းပိုင် ပင်အမ်(၁၀၃) ခရီးသည်တင်လေယာဉ်ကို ၁၉၈၈ ခုနှစ်က ဗုံးခွဲခဲ့သော လစ်ဗျားထောက်လှမ်းရေး အရာရှိဟောင်းကို စကော့တလန်နိုင်ငံရှိ အကျဉ်းထောင်၌ ပြန်လည်အကျဉ်းချထားရန် အမေရိကန်သမ္မတအိမ်ဖြူတော်က တောင်းဆိုခဲ့ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

ကင်ဆာရောဂါကြောင့် သုံးလမျှသာ အသက်ရှင်နိုင်မည်ဖြစ်ကြောင်း ဆေးစစ်ချက်မှတ်တမ်းများအရ စကော့တလန်အာဏာပိုင်များသည် လူလူချင်း စာနာထောက်ထားမှုဖြင့် လော့ကာဘီ လေယာဉ်ဗုံးခွဲမှုတရားခံ အက်ဘ်ဒယ်ဆက် အယ်လ်မီဂရာဟီကို ဂရင်းနော့ခ် အကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးခဲ့သည်။

သို့ရာတွင် အယ်လ်မီဂရာဟီသည် ဂရင်းနော့ခ်အကျဉ်းထောင်မှ ပြန်လွှတ်လာချိန်မှစ၍ တစ်နှစ်မျှကြာသည့်တိုင် ကျန်းမာရေးကောင်းမွန်နေဆဲဖြစ်သည်။

လော့ကာဘီဗုံးခွဲသမား အယ်လ်မီဂရာဟီကို အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့ခြင်းသည် မလျော်မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း အမေရိကန်သမ္မတ၏ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ အကြံပေးက ပြောကြားသည်။

ခရီးသည် ၂၄၃ ဦးနှင့် လေယာဉ်အမှုထမ်း ၁၆ ဦးလိုက်ပါသော ပင်အမ်(၁၀၃) ခရီးသည်တင် လေယာဉ်သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဗုံးပေါက်ကွဲမှုကြောင့် စကော့တလန်နိုင်ငံ လော့ကာဘီမြို့အနီး ပျက်ကျခဲ့ရသည်။ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံးနှင့် မြေပြင်မှ ၁၁ ဦး စုစုပေါင်း ၂၇၀ သေဆုံးခဲ့ရသည်။

အင်တာနက်။

ကမ္ဘာ့ရှားပါး ရုက္ခမျိုးစိတ် ၉၀ ရာခိုင်နှုန်းကျော် စုဆောင်းထားသည့် ရုရှားမျိုးစေ့ဘဏ် ပျက်စီးမည့်ဘေးကြုံနေရ

မော်စကို ဩဂုတ် ၂၁ ။ ။ ရုရှားနိုင်ငံ ဗာဗီလော့ဗ် စိုက်ပျိုးရေးသိပ္ပံ၏ မျိုးစေ့ဘဏ်သည် ကမ္ဘာ့ပထမဆုံး မျိုးစေ့ဘဏ်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကို ကြံ့ကြံ့ခံရပ်တည်ရှင်သန်နိုင်ခဲ့သော မျိုးစေ့ဘဏ်လည်းဖြစ်သည်။ စစ်အတွင်းကာလက ယင်းမျိုးစေ့ဘဏ်မှ ရုရှားသိပ္ပံပညာရှင် ၁၂ ဦးသည် အစာရေစာပြတ်လပ်နေသော်လည်း အနာဂတ်အတွက် စုဆောင်းထားသည့် မျိုးစေ့များကို လက်ဖျားမျှပင်မတို့ဘဲ အငတ်ခံအသေခံကာ မျိုးစေ့ဘဏ်ကို ထိန်းသိမ်းခဲ့သည်။

ရုရှားနိုင်ငံ ဗာဗီလော့ဗ် စိုက်ပျိုးရေးသိပ္ပံ၏ မျိုးစေ့ဘဏ်

ယခု ယင်းမျိုးစေ့ဘဏ် ထပ်မံပျက်စီးရမည့် အန္တရာယ်နှင့် ထပ်မံကြုံနေရပြီဖြစ်သည်။ သည်တစ်ကြိမ်တွင် ဗာဗီလော့ဗ်မျိုးစေ့ဘဏ် ကြုံရသည့်အန္တရာယ်မှာ တရားရုံးခွင့်ပြုချက်ရရှိထားသော အိမ်ရာဆောက်လုပ်ရေး စီမံကိန်းကြောင့်ဖြစ်သည်။ ယင်းစီမံကိန်းအရ အိမ်ရာဆောက်လုပ်မည့်နေရာများတွင် မျိုးရိုးဗီဇနည်းပညာဖြင့် ဆင့်ပွားထားသောအပင်များစိုက်ပျိုးထားရာ ဗာဗီလော့ဗ်မျိုးစေ့ဘဏ်၏ မြေများလည်းပါဝင်နေသည်။

ရာသီဥတုပြောင်းလဲမှုနှင့် အခြား ခြိမ်းခြောက်မှုများကြောင့် ကမ္ဘာပေါ်ရှိ ရုက္ခဗေဒမျိုးစိတ်များ တဖြည်းဖြည်း လျော့နည်းကျဆင်းလာချိန်တွင် ကမ္ဘာတစ်လွှားရှိ ရုက္ခဗေဒမျိုးစိတ်များကို ဗာဗီလော့ဗ်စိုက်ပျိုးရေးဌာနက သိမ်းဆည်းစုဆောင်းထားရာ နေရာများ မပျက်စီးရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက ရုရှားသမ္မတ မက်ဗီဒက်ဗ်ထံ တိုက်ရိုက်အရေးဆိုခဲ့ကြသည်။

ရုရှားသမ္မတက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း စက်တင်ဘာ ၂၃ ရက်တွင် အိမ်ရာဆောက်လုပ်မည့်နေရာများကို ချိပ်ပိတ်ကြိုးတားတော့မည်ဖြစ်ရာ သမ္မတ၏ ဆုံးဖြတ်ချက် နောက်ကျမည်ကို သိပ္ပံပညာရှင်များက စိုးရိမ်နေကြသည်။

ဗာဗီလော့ဗ် စိုက်ပျိုးရေးဌာနသည် ကမ္ဘာပေါ်၌ မည်သည့်နေရာတွင်မှ တွေ့ရှိနိုင်တော့မည်မဟုတ်သည့် ရုက္ခမျိုးစိတ် ၉၀ ရာခိုင်နှုန်းကျော်ကို စုဆောင်းထားသည်။ ယင်းအပင်များ စိုက်ပျိုးထားရာမြေများကို ဆုံးရှုံးခဲ့ပါက အဆိုပါ ရှားပါးအပင်များသည် ကမ္ဘာပေါ်မှ လုံးဝကွယ်ပျောက်သွားမည်ဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

တရုတ်နှင့် မြောက်ကိုရီးယားနယ်စပ်၌ ရေလွှမ်းမိုးမှုများဖြစ်ပွား

သဘာဝဘေးအန္တရာယ်သတင်း

ပေကျင်း ဩဂုတ် ၂၁

မိုးသည်းထန်စွာသွန်းမှုကြောင့် တရုတ်နှင့် မြောက်ကိုရီးယားနယ်စပ်ဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း ဩဂုတ် ၂၁ ရက်သတင်းများတွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံအတွင်းရှိ နိုင်ငံသား ၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး မြောက်ကိုရီးယားဘက်ခြမ်းတွင် ရေလွှမ်းမှုအန္တရာယ် အရေးပေါ်ကြေညာချက် ထုတ်ပြန်ထားကြောင်းသိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တရုတ်နှင့် မြောက်ကိုရီးယားနယ်စပ်ရှိ ယာလူးမြစ်၏ ရေမျက်နှာပြင်သည် မထိန်းချုပ်နိုင်လောက်အောင် မြင့်တက်ခဲ့ရာ မြစ်ကမ်းတစ်ဖက်တစ်ချက်ရှိ လူနေအိမ်များကို ရေလွှမ်းမိုးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

တရုတ်အာဏာပိုင်များ၏ အဆိုအရ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမြို့တော်ဖြစ်သည့် ယာလူးမြစ်ကမ်းပေါ်ရှိ ဒန်တုန်းမြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူသုံးဦးပျောက်ဆုံးခဲ့ရပြီး ၅၀၀၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

မြောက်ကိုရီးယားသတင်းဌာနများ၏ ထုတ်ပြန်ချက်အရ ယာလူးမြစ်တစ်ဖက်ကမ်း မြောက်ကိုရီးယားဘက်ခြမ်းရှိ ရှင်အူဂျူမြို့သည် ရေလွှမ်းမိုးမှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရှင်အူဂျူမြို့သည် မြောက်ကိုရီးယား၏ လေတပ်အခြေစိုက်စခန်းတည်ရှိရာ မြို့ဖြစ်ပြီး အများပြည်သူဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များနှင့် လယ်ယာမြေများ ရေလွှမ်းမိုးမှုဒဏ် ခံစားခဲ့ရကြောင်း မြောက်ကိုရီးယားနိုင်ငံက သတင်းထုတ်ပြန်သည်။

အင်တာနက်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် မြို့တော်ဒန်တုန်းတွင် သုံးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးမှုဖြစ်ပွားရာ ကယ်ဆယ်ရေးအဖွဲ့များက ရဟတ်ယာဉ်ဖြင့် ဒေသခံများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးစဉ်။ *ဆင်ဟွာ။*

ပါကစ္စတန်တောင်ပိုင်း၌ ရေလွှမ်းမိုးမှု ဆက်လက်ဖြစ်ပွား ဒေသခံ ၁၅၀၀၀၀ ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

အစ္စလာမ္မာဘတ် ဩဂုတ် ၂၁

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသရှိ မြို့များနှင့် ကျေးရွာများ၌ နေထိုင်သူ ၁၅၀၀၀၀ခန့်သည် အိန္ဒုမြစ်ရေ ရုတ်တရက်မြင့်တက်လာမှုကြောင့် ကုန်းမြင့်ဒေသများသို့ ရွှေ့ပြောင်းခဲ့ကြရကြောင်း ပါကစ္စတန်အစိုးရ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ပါကစ္စတန် နိုင်ငံတစ်ဝန်းဖြစ်ပွားနေသော ရေလွှမ်းမိုးမှုများသည် လာမည့်ရက်အနည်းငယ်အတွင်း လျော့ပါးကျဆင်းသွားမည်ဟု ပါကစ္စတန်အာဏာပိုင်များက မျှော်လင့်ထားသည်။ သို့ရာတွင် ရေလွှမ်းမိုးမှုများကြောင့် အိမ်များ၊ တံတားများ၊ သီးနှံစိုက်ခင်းများပျက်စီးခဲ့ရာ ရေဘေးဒုက္ခသည်များအနေဖြင့် နေရင်းအရပ်သို့ ပြန်သွားလျှင်လည်း ဘဝရပ်တည်ရန် မလွယ်ကူကြောင်း သတင်းများတွင်ဖော်ပြသည်။

ပြီးခဲ့သည့်လမှစ၍ ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် ဆင်းပြည်နယ်၌ နေထိုင်သူ ပါကစ္စတန်နိုင်ငံသား ၆၀၀၀၀၀ ခန့်မှာ ဒုက္ခသည်စခန်းများ၌ နေထိုင်နေရကြောင်း သိရသည်။

ဆင်းပြည်နယ်အတွင်း နောက်ဆုံးဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် ယမန်နေ့ ၂၄ နာရီတာကာလအတွင်း လူပေါင်း ၁၅၀၀၀၀ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူများက သတင်းထုတ်ပြန်သည်။

အင်တာနက်။

ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်လှုပ်

ပို့မော်ရက်စ်ဘီ ဩဂုတ် ၂၁

ပစိဖိတ်သမုဒ္ဒရာ ကျွန်းနိုင်ငံဖြစ်သော ပါပူဝါနယူးဂီနီနိုင်ငံတွင် ဩဂုတ် ၂၁ ရက်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း ငလျင်ဗေဒပညာရှင်များက ပြောကြားသည်။

ယင်းငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီအန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ယင်းငလျင်သည် သောကြာနေ့ ဒေသစံတော်ချိန် ၃ နာရီ ၅၅ မိနစ်တွင် ဘူဂိန်းဗေးလ်ကျွန်း အရာဝါမြို့ အနောက်-အနောက်တောင်ဘက် ၁၆၅ ကီလိုမီတာ မြေအောက်အနက် ၅၁ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပါပူဝါ နယူးဂီနီနိုင်ငံသည် ကမ္ဘာ့မြေလွှာကြီးများ တွန်းထိုးလှုပ်ရှားမှုကြောင့် ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်လေ့ရှိရာ ပစိဖိတ်မီးကွင်းဒေသဟုခေါ်သည့် နေရာတွင်တည်ရှိသော ကျွန်းနိုင်ငံဖြစ်သည်။ ***အင်တာနက်။***

အယ်လ်ဂျီးရီးယားတွင် ရေလွှမ်းမိုး

အယ်လ်ဂျီးယား ဩဂုတ် ၂၁

အယ်လ်ဂျီးရီးယားနိုင်ငံ ပြည်နယ်အချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက် ရေလွှမ်းမိုးကာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသခံသတင်းဌာနများက ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျယ်လ်ဖာပြည်နယ်တွင် မြစ်ရေလျှံမှုကြောင့် လူသုံးဦး အင်္ဂါနေ့က သေဆုံးကြောင်း ထိုနည်းတူ မီဒီယာပြည်နယ်တွင်လည်း နှစ်ဦးသေဆုံးခဲ့ပြီး အချို့ဒေသများတွင် ယာဉ်အသွားအလာများ ပြတ်တောက်ခဲ့ရကြောင်း သိရသည်။

မူဆီလာပြည်နယ် အနောက်မြောက်ပိုင်းတွင် ရေနစ်သေဆုံးသူ လေးဦးရှိကြောင်း မြို့ပြကယ်ဆယ်ရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အယ်လ်ဂျီးရီးယားပြည်နယ်တွင် မိုးသည်းထန်ကာ ရေလွှမ်းမှုကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်နေသည်ဟု သိရသည်။

အင်တာနက်။

ဝန်ကြီး ဦးခင်မောင်မြင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၀ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ကျင်းပသော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ အမှုထမ်း ၆၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးက သင်တန်းထူးချွန်ဆုများချီးမြှင့်ရာ ပထမဆုရ ဒေါ်စန္ဒာအောင်၊ ဒုတိယဆုရ ဒေါ်လှိုင်မိုးဆွေနှင့် တတိယဆုရ ဒေါ်အိသူမြင့်တို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Life Style & Car Expo 2010 ပြပွဲ Stallion Lubricant စက်ဆီ၊ ချောဆီပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၂၁

Life Style & Car Expo 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ Htoo Group of Companies လက်အောက်ရှိ Aureum Palace Hotels - Resorts က စားသောက်ဖွယ်ရာများကို အဖိုးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ပြပွဲတွင် Ye Yint Co., Ltd. မှ Stallion Lubricant စက်ဆီ၊ ချောဆီများသည် ISO 9001; 2000 ရရှိထားပြီး London , England နည်းပညာဖြင့် စင်ကာပူမှတင်သွင်းကာ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် နှစ်ပေါင်း ၂၀ ကျော် ဖြန့်ဖြူးရောင်းချခဲ့သည်။ Stallion Brand တွင် မော်တော်ကား၊ ဂျင်နရေတာ၊ ယန္တရားသုံး စက်ဆီ၊ ချောဆီများနှင့် စပိဘုတ် 2T ဆီများမှစ၍ မော်တော်ဆိုင်ကယ်သုံးဆီအထိ တင်သွင်းရောင်းချလျက်ရှိသည်။ အရည်အသွေးကောင်းမွန်သော Stallion Lubricant စက်ဆီ၊ ချောဆီများ သုံးစွဲခြင်းဖြင့် စက်၊ မော်တော်ယာဉ်ယန္တရားများ စွမ်းအင်ပိုမိုကောင်းမွန်ပြီး အင်ဂျင်သက်တမ်းကို ကြာရှည်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ အင်ဂျင်ချေးမတက်ခြင်း၊ ပွန်းစားမှုမှ ကာကွယ်ပေးခြင်းတို့အပြင် အပူချိန်မတက်အောင်လည်း ထိန်းသိမ်းပေးနိုင်သည်။

Ye Yint Co., Ltd. မှ စက်မှုလုပ်ငန်းသုံး ပေါင်းဆေးမှုန့်များကိုလည်း ထိုင်းနိုင်ငံမှ တင်သွင်းဖြန့်ချိလျက်ရှိသည်။

ထိုပေါင်းဆေးမှုန့်မှာ သာမန်သုတ်ဆေး၊ မှုတ်ဆေး၊ Sdvent Base Paint များထက် Quality မြင့်မားခြင်း၊ အလေအလွင့်နည်း၍ ကုန်ကျစရိတ်သက်သာခြင်း၊ အရောင်အသွေး စုံလင်ခြင်း၊ ကျွမ်းကျင်သော အလုပ်သမားများ မလိုခြင်း၊ ကုန်ထုတ်စွမ်းအား မြင့်မားခြင်း၊ သုံးစွဲရလွယ်ကူခြင်း၊ မီးဘေးအန္တရာယ် မရှိခြင်း၊ ကျန်းမာရေးအတွက် ဘေးအန္တရာယ်မရှိခြင်း၊ Powder Coatings လုပ်ငန်းနှင့်ပတ်သက်သော စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများအပြင် Oversea Technician များဖြင့် နည်းပညာများကိုပါ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ Powder Coatings ကို လက်ရှိမြန်မာနိုင်ငံတွင် မီးအားမြင့်စက်၊ Transformer အလူမီနီယံစသော လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

Stallion Lubricants စက်ဆီ၊ ချောဆီများကို Ye Yint Co., Ltd. ရန်ကုန်ရုံးချုပ် အမှတ်(၁၂၈) ကနောင်မင်းသားကြီးလမ်း အရှေ့ဒဂုံစက်မှုဇုန် ရန်ကုန်မြို့ ဖုန်း-၇၀၁၃၈၅၊ ၇၂၂၄၉၈၊ ၅၈၅၃၄၀ နှင့် ၀၉-၅၀၀၆၃၅၄၊ မန္တလေးမြို့ - ယ၁/ ၁၅၇၊ ၇၃လမ်း၊ ကျွဲဆည်ကန်၊ မြဝတီမင်းကြီးလမ်း မန္တလေးမြို့။ ပြည်ကြီးတံခွန် ဖုန်း-၀၂-၈၀၄၆၇၊ ၀၉-၂၀၃၅၇၃၊ ၀၉-၈၅၁၆၉၅၊ နေပြည်တော်-ပ/၁၀၊ သပြေကုန်းပွဲရုံတန်း ဖုန်း-၀၉-၈၅၁၆၆၀၀ နှင့် အမြို့မြို့အနယ်နယ်ရှိ ကားပစ္စည်းဆိုင်များနှင့် ရန်ကုန်မြို့ ဘုရင့်နောင်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Stallion Lubricant စက်ဆီ၊ ချောဆီများပြခန်း ပါဝင်ပြသစဉ်။ (သတင်းစဉ်)

❖ **ကျော်ဖုံးမှ**

ဂျင်းသည် ပြီးခဲ့သည့် ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်ရှစ်ပွဲကို ခန့်မှန်းခဲ့ရာ ရာနှုန်းပြည့် မှန်ကန်မှုရှိခဲ့ခြင်းကြောင့် ဘောလုံးလောကတွင်သာမက ကမ္ဘာပေါ်တွင် လူသိများသည့် ဇာတ်လိုက်တစ်ဦး ဖြစ်လာခဲ့သည်။ သို့အတွက်ကြောင့် ပေါလ်သည် အင်္ဂလန်အသင်း ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး ကြိုးပမ်းလျက်ရှိရာတွင် အင်္ဂလန်ဘောလုံးကစားသမားများဖြစ်သည့် ဒေးဗစ်ဘက်ခမ်း၊ ဖာဒီနန်၊ မင်းသားဝီလ်လျံ၊ ၂၀၀၈ ဖော်မြူလာ-ဝမ်း ကားမောင်းချန်ပီယံ လူးဝစ်ဟာမီလ်တန်၊ ဂီတပညာရှင် နိုရယ်ဂယ်လက်ဂါနှင့် စတင်၊ လီဗာပူးနှင့် အင်္ဂလန် ကွင်းလယ်ကစားသမားဟောင်း ဂျွန်ဘားနက်စ်တို့နှင့်အတူ သံတမန်တစ်ဦးဖြစ်လာခဲ့သည်။

"ပေါလ်ရဲ့ဘဝကို ဂျာမနီမြေမှာ နှစ်နှစ်ကုန်ဆုံးစေခဲ့ပြီးပါပြီ။ သူအင်္ဂလန်နိုင်ငံသားဖြစ်ရတာကို ဂုဏ်ယူနေမှာ သေချာပါတယ်။ ဒါ့ကြောင့်လည်း ၂၀၁၈ ကမ္ဘာ့ဖလားအတွက် အင်္ဂလန်ကို ကူညီပေးရတာပါ။ ပေါလ်အတွက် တခြားကမ်းလှမ်းမှုတွေ အမြောက်အမြားရှိခဲ့ပေမယ့် ပေါလ်ရဲ့ဇာတိမြေဖြစ်တဲ့ အင်္ဂလန်ကို ရွေးချယ်စေခဲ့ကာ မှန်ကန်တဲ့ရွေးချယ်မှုဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ဂျာမနီနိုင်ငံ ဝေးလ်မောက်အကွာရီယမ်ပြတိုက်မှ မန်နေဂျာ နီကိုလာဟာမီလ်တန်က ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံသည် ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေးအတွက် ရုရှား၊ အမေရိကန်၊ ဩစတြေးလျ၊ ပူးတွဲကျင်းပခွင့် တောင်းခံထားသည့် စပိန်-ပေါ်တူဂီ၊ နယ်သာလန်-ဘယ်လ်ဂျီယံတို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိသည်။ ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် နိုင်ငံကို လာမည့် ဒီဇင်ဘာ ၂ ရက်တွင် ကြေညာမည်ဖြစ်သည်။

အင်တာနက်။



မြို့သာယာလှပရေးစီမံချက်အရ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေအား ဩဂုတ် ၁၉ရက်က ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသမီးများ တွေ့ကြုံရသည့် လူကုန်ကူးမှုအန္တရာယ်

တင်တင်စိုး(မိုးညှင်း)

မိန်းကလေးတိုင်းလိုလို လှချင်ကြသည်။ "လှတယ်" ပြောမှ သဘောကျသည်။ ခေတ်ပေါ်အဝတ်အစား၊ အဖိုးတန်အဝတ်အစားတွေကို ခေတ်နှင့်အမီ ဝတ်ဆင်လိုကြသည်။ သူများစကပ်ဆို ကိုယ်လည်းစကပ်၊ သူများဂျင်းဘောင်းဘီရှည်ဆို ကိုယ်လည်းဂျင်းဘောင်းဘီရှည်၊ သူများဘောင်းဘီတိုဆို ကိုယ်လည်းဘောင်းဘီတို အစရှိသဖြင့် ဝတ်လိုကြသည်။ အားကိုးရှာကြသည်။ စိန်၊ ရွှေ၊ လက်ဝတ်ရတနာကို မနှစ်သက်သည့်မိန်းကလေး ဘယ်မှာရှိပါ့မလဲ။ ဆင်းရဲမွဲတေသည့် ဘဝ၊ မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေရသည့်ဘဝ၊ လက်လုပ်မှ ပါးစပ်လှုပ်ရသည့်ဘဝကနေ တင့်တောင့်တင့်တယ် နေချင်ကြသည်မှာ ဆန္ဒတစ်ရပ်ပါ။

မျှော်လင့်ချက်ရောင်ခြည်

ယခုလက်ရှိဘဝ အခြေအနေထက် ပိုမိုမြင့်မားမည်၊ အလျင်အမြန်ကြီးပွားချမ်းသာမည်၊ ပတ်ဝန်းကျင်သစ်တွင် ဘဝသစ်ထူထောင်ပြီး တင့်တယ်စွာနေထိုင်နိုင်မည်၊ လစာကောင်းကောင်းရမည်၊ တစ်ရွာမပြောင်းလျှင်သူကောင်းမဖြစ်နိုင် စသည့် မျှော်လင့်ချက်များကို လူပွဲစားများကပေး၍ စည်းရုံးကြပါသည်။ အချို့သော လူပွဲစားများက မိမိတို့၏ ဩဇာသက်ရောက်စေရန် ငွေကြေးအနည်းငယ်ကို ဒုက္ခရောက်သူ၊ အခက်အခဲရှိသူ၊ မိမိနှစ်သက်နေသော လူကုန်ကူးလိုသူအမျိုးသမီး၏ မိသားစုအတွက် သုံးစွဲပြခြင်းဖြင့် ကြီးမားသော မေတ္တာရှင်၊ စေတနာရှင်အဖြစ် အမည်ခံကာ ထိုသို့သော ပုဂ္ဂိုလ်များသည် မိသားစုများအပေါ် ဩဇာသက်ရောက်မှုကို ရယူလာကြသည်။ လူပွဲစားများ၏ မျှော်လင့်ချက်ပေး၍ စည်းရုံးမှုသည်လည်း ဤသို့အားဖြင့် သန္ဓေတည်လာခဲ့ပါသည်။

အမျိုးသမီးများ၏ အားနည်းချက်

လူကုန်ကူးခြင်းနှင့် ပတ်သက်၍ ကျွန်မတို့ မြန်မာအမျိုးသမီးများအနေဖြင့် ကြိုတင်ပြင်ဆင်ရန်၊ အသိရှိရှိ ကာကွယ်ရန် အလွန်အားနည်းနေပါသည်။ ကျွန်မတို့၏ အားနည်းချက်က သနားတတ်သည်၊ ခွင့်လွှတ်တတ်သည်၊ ပြောရင် ယုံလွယ်သည်၊ သူတစ်ပါးကို အထင်ကြီးလွယ်သည်။ စူးစမ်းလိုသည့်ဆန္ဒမရှိကြ၊ နေရာသစ်ကို လူသစ်စိတ်သစ်ဖြင့် ရောက်ဖူးချင်ကြသည်။ သွားချင်ကြသည်။ တစ်ဖက်နိုင်ငံတွင် အလုပ်ကောင်းသည်၊ လခကောင်းသည်ဟုပြောရုံဖြင့် ရောက်ဖူးချင်ကြသည်။ ငါရောက်ခဲ့ရင် မည်သို့အလုပ်လုပ်ပြမည်ဟု စိတ်ကူးယဉ်ကြသည်။ မရောက်ဖူးသောဒေသသို့ သွားရောက်ပြီး အလုပ်လုပ်ချင်ကြသည်။ ချမ်းသာလိုသည့် ရည်ရွယ်ချက် တစ်ခုတည်းကိုသာကြည့်ပြီး ထောင်ချောက်ရှိ၊ မရှိ မစဉ်းစားကြ။ ကိုယ်မရောက်ဖူးသောဒေသ၊ ကိုယ်မကျွမ်းသော အရပ်ဒေသကို မစူးစမ်း၊ မဆင်ခြင်၊ မလေ့လာဘဲ ရောက်လျှင်ပြီးရောဆိုပြီး သွားတတ်ကြသည်။

ဆန္ဒနှင့်ဘဝတွင် ဆန္ဒကို ရှေ့တန်းတင်ကြသည်။ လူပွဲစားများက ပြောဆိုစည်းရုံးသော **"အခွင့်အလမ်းများ"** ကို ရယူပိုင်ဆိုင်ရန်အတွက် တရားဝင်နည်းလမ်းသည် ရှိခဲ့ပါ၏။ ရှိမည်ဆိုလျှင် ကြုံတောင့်ကြုံခဲပါ။ ရှိတော့ရှိသည်ရှားမည်ဟုဆိုရပါမည်။ လူပွဲစားများပြောဆိုစည်းရုံးသော အခွင့်အလမ်းသည် မှန်ကန်ခြင်းမရှိ၊ ထိုအခွင့်အလမ်းများ၏ နောက်ကွယ်တွင် **ခေါင်းပုံဖြတ်ခြင်း** (Exploitation) အမျိုးမျိုးတို့ ရှိ၊ မရှိ၊ ထိုသို့သော ခေါင်းပုံဖြတ်ခြင်း အမျိုးမျိုးတို့မှ ကာကွယ်နိုင်သော နည်းလမ်းများ၊ သတင်းအချက်အလက်များ စုဆောင်းထားရှိမှု၊ လေ့လာမှု မရှိကြ၊ သတင်းအချက်အလက်များ ရယူနိုင်ရန်လည်း မကြိုးစား၊ လူပွဲစားများ၏ စည်းရုံးသိမ်းသွင်းမှု၊ မျှော်လင့်ချက်ပေးမှုအောက်တွင် ကျွန်မတို့ အမျိုးသမီးများ လောင်းရိပ်မိကာ အဟုတ်ထင်မှတ်ပြီး စိတ်ကူးယဉ်အိပ်မက်မက်ကာ မျောနေကြသည်။ သတိတစ်ချက်လွတ်သွား၍ တစ်သက်တာဘဝတစ်ခုလုံး ပျက်စီးရတော့မည်ကို မကြောက်ရွံ့၊ မစိုးရိမ်ကြ။ အကြောင်းတရား (Cause) ကြောင့် ရရှိဖြစ်ပေါ်လာမည့် (Effect) အကျိုးတရားကို မဆင်ခြင်၊ မဝေဖန်၊ မစဉ်းစားကြတော့။

> **လူပွဲစားများအား လူကုန်ကူးသူမှန်းမသိဘဲ ကယ်တင်ရှင်အဖြစ် လည်းကောင်း၊ အားကိုးရမည့် ပုဂ္ဂိုလ်ကြီးအဖြစ် ယုံကြည်မှုကြောင့် သဒ္ဓါလွန်၍ တဏှာကျွံကာ ချစ်ကြိုက်၍ လည်းကောင်း၊ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေး၍လည်းကောင်း၊ မေတ္တာသက်ဝင် ချစ်ခင်စုံမက်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းဖြင့် လည်းကောင်း၊ သမီးရှင်၏ မိဘတို့က အားကိုး၍ လက်ထပ်ထိမ်းမြားပေးစားခြင်းဖြင့် လည်းကောင်း လူကုန်ကူးခံရသူများကို အနှောင့်အယှက် အတားအဆီးမရှိ လူကုန်ကူးသူများက စုဆောင်းရရှိကြ။**

လတ်တလော လူပွဲစားများ၏ ငွေပေါပေါရွှင်ရွှင် သုံးစွဲမှု၊ လက်ဆောင်ပေးမှု၊ မေတ္တာပြမှု၊ အကြင်နာပေးမှု၊ သကာရည်လူးထားသော ဟန်ဆောင်စာနာမှုကို အဟုတ်ထင်မှတ်၍ ယုံမှတ်ကာ ကျွန်မတို့အမျိုးသမီးများက ပုံအပ်ရန် ဆုံးဖြတ်ကြသည်။ အထင်ကြီးကြ၊ အားကိုးကြနှင့် မင်းသားခေါင်းစွပ်ထားသည့် လူသားစားဘီလူးဖြစ်သည်ကို မတွေးကြ။ ဤကဲ့သို့သော အခြေအနေသည် မရှိဆင်းရဲသားများ၊ အားကိုးရှာနေသူများ၊ မသိနားမလည်သူများ၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခံရသူများ၊ နွမ်းပါးမှုကို ကျော်လွှားလိုသူများနှင့် ရွှေငွေလက်ဝတ်ရတနာတို့ဖြင့် ပြည့်စုံလိုသည့် စီးပွားရေးကို ဖြတ်လမ်းကလိုက်၍ ကြီးပွားလိုသူများ၊ လက်ရှိဘဝထက် မြင့်မားလိုသည့် ရွာကဂွက်ထော်တို့လို အပျိုစင်များအပေါ်တွင် အမြတ်ထုတ် ခေါင်းပုံဖြတ်လိုသူ လူကုန်ကူးသူများအတွက် ရရှိလာသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။

လူကုန်ကူးရန် စုဆောင်းခြင်း

အထက်ကဆိုခဲ့သော အခွင့်အရေးများပေါ်လာသည့်အခါ လူပွဲစားများအား လူကုန်ကူးသူမှန်းမသိဘဲ ကယ်တင်ရှင်အဖြစ် လည်းကောင်း၊ အားကိုးရမည့် ပုဂ္ဂိုလ်ကြီးအဖြစ် ယုံကြည်မှုကြောင့် သဒ္ဓါလွန်၍ တဏှာကျွံကာ ချစ်ကြိုက်၍လည်းကောင်း၊ နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေး၍လည်းကောင်း၊ မေတ္တာသက်ဝင် ချစ်ခင်စုံမက်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းဖြင့် လည်းကောင်း၊ သမီးရှင်၏ မိဘတို့က အားကိုး၍ လက်ထပ်ထိမ်းမြားပေးစားခြင်းဖြင့်လည်းကောင်း လူကုန်ကူးခံရသူများကို အနှောင့်အယှက် အတားအဆီးမရှိ လူကုန်ကူးသူများက စုဆောင်းရရှိကြသည်။

အချို့ကလည်း လူပွဲစားများထံမှ ငွေချေးငှားသုံးစွဲခြင်းဖြင့် ထိုအကြွေးငွေကို ပြန်မဆပ်နိုင်၍လည်းကောင်း၊ အချို့ကလည်း နိုင်ငံခြားနေ အမျိုးသားနှင့် လက်ထပ်ထိမ်းမြားပေးစား၍ (နိုင်ငံခြားနေ အမျိုးသား၏ ဓာတ်ပုံကို မင်္ဂလာအခမ်းအနားတွင် ထောင်ထားပြီး လူပွဲစား၏ အစီအစဉ်ဖြင့် အမျိုးသမီးတစ်ဦးတည်းဖြင့် မင်္ဂလာအခမ်းအနား ကျင်းပခြင်း) မြန်မာပြည်မှ အမျိုးသမီးများကို နိုင်ငံခြားပို့ကုန်အဖြစ် သတ်မှတ်၍ ပို့ပေးခြင်းဖြင့် လည်းကောင်း၊ အချုပ်အားဖြင့်ဆိုသော် လူကုန်ကူးခံရသူများကို စုဆောင်းရာတွင် -

(၁) ပြန်ပေးဆွဲ၍ လည်းကောင်း၊ (၂) ခြိမ်းခြောက်၍ လည်းကောင်း၊ (၃) အလုပ်ကောင်းကောင်းရမည်ဟု လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ (၄) ကြွေးမြီဖြင့် ချည်နှောင်၍သော်လည်းကောင်း၊ (၅) သမီးရည်းစားအဖြစ် ချစ်ကြိုက်၍သော်လည်းကောင်း၊ (၆) နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေး၍သော်လည်းကောင်း၊ (၇) လက်ထပ်၍ သော်လည်းကောင်း၊ (၈) မိဘများ၊ အုပ်ထိန်းသူများက လက်ထပ်ထိမ်းမြားပေးစား၍ လည်းကောင်း၊ (၉) လူကုန်ကူးသူ၊ လူပွဲစားများကို တန်ခိုးရှင်၊ ဆရာသခင်အဖြစ် ယုံကြည်ပြီး သားသမီးကို ဝတ်ကြီးဝတ်ငယ်ပြုစုစေရန် မိဘအုပ်ထိန်းသူများက စေလွှတ်ပေးအပ်ခြင်းဖြင့်လည်းကောင်း လူကုန်ကူးရန်အတွက် ဖော်ပြပါနည်းမျိုးစုံဖြင့် စုဆောင်းကြသည်ကို သတိပြုရမည်ဖြစ်သည်။

သယ်ယူပို့ဆောင်ခြင်း

ကျွန်မတို့ အမျိုးသမီးများက လင့်မျက်နှာတစ်ရွာထင်ကြသည်။ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဟု ခံယူချက်ဖြင့် သျှောင်နောက်ဆံထုံးပါကြသည်။ မောင်ခေါ်ရာလိုက်တော့မယ်ဆိုပြီး ဘဝကိုပုံအပ်၍ ယုံယုံကြည်ကြည်ဖြင့် လိုက်သွားကြသည်။ (အမျိုးကောင်းသားများကို မဆိုလိုပါ။ ခုမြင်၊ ခုကြိုက်၊ ခုလိုက်သွားကြသော တစ်ယောက်အကြောင်း တစ်ယောက်မသိသူများကို သတိပေးခြင်းဖြစ်ပါသည်။) လက်ထပ်ပြီး အပျော်ခရီးထွက်ခြင်း၊ ပျားရည်ဆမ်းခရီးထွက်ခြင်း၊ ဘုရားဖူးသွားခြင်း၊ မရောက်ဖူးသော နယ်စပ်သို့ အလည်သွားခြင်း၊ ခိုးရာလိုက်ပြေးရာတွင်လည်း ချစ်သူခေါ်ဆောင်ရာအရပ်သို့ ယုံကြည်စိတ်ချမှုဖြင့် လိုက်သွားခြင်း၊ ထိုသို့ လိုက်ပါရာတွင် နိုင်ငံကူးလက်မှတ်၊ မှတ်ပုံတင်နှင့် ခရီးသွားလာမှုဆိုင်ရာ စာရွက်စာတမ်းများကို လင်ယောကျ်ားဖြစ်သူ (သို့မဟုတ်) ချစ်သူက လမ်းခရီးတစ်လျှောက် သိမ်းထားကြသည်။ ဤသို့ ထိန်းသိမ်းထားမှုသည် လွတ်လပ်စွာ မသွားလာနိုင်ရန်နှင့် အိမ်သို့မပြန်နိုင်စေရန် ထိန်းချုပ်မှုပင်ဖြစ်သည်။ လမ်းခရီးတစ်လျှောက်လုံး မိမိကိုယ်ပိုင်ဆုံးဖြတ်ခွင့် တစ်စတစ်စ ဆုံးရှုံးလာတတ်ပါသည်။ တစ်နည်းဆိုသော် သယ်ယူပို့ဆောင်ခြင်းကို -

(၁) ပြန်ပေးဆွဲ၍ လည်းကောင်း၊ အင်အားသုံး၍ လည်းကောင်း ဆောင်ရွက်ကြသည်။

(၂) ခရီးဆုံးမရောက်မီ အခြားသော လူကုန်ကူးသူများထံသို့ အကြိမ်ပေါင်းများစွာ လက်ပြောင်းလက်လွှဲ ပြုလုပ်မှုခံရတတ်သည်။

(၃) ခရီးဆုံးမရောက်မီ အဓမ္မပြုခြင်း၊ လိင်မှုဆိုင်ရာအနှောင့်အယှက်ပြုလုပ်မှုတို့ဖြင့် သယ်ယူပို့ဆောင်ခြင်းတို့ကို ခံရမည်ဖြစ်ပါသည်။

ခရီးဆုံး

လူကုန်ကူးခံရသူများသည် အင်အားသုံး အနိုင်ကျင့်ခံရခြင်း၊ လိမ်လည်ဖြားယောင်းခြင်းခံရပြီး တစ်ခါတစ်ရံ ကျွန်ကဲ့သို့ ဆိုးရွားသော ဘဝအခြေအနေသို့ ရောက်သွားကြသည်။ အိမ်စေအဖြစ်လည်းကောင်း၊ စက်ရုံအလုပ်သမားအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၌ လည်းကောင်း၊ ငါးဖမ်းသင်္ဘော၌ ရေလုပ်သားအဖြစ် လည်းကောင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် ပြည့်တန်ဆာအဖြစ် လည်းကောင်း အဓမ္မခိုင်းစေခံကြသည်။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များ ဆုံးရှုံးပြီး ခြိမ်းခြောက်အကြမ်းဖက်မှုနှင့် အဓမ္မပြုခြင်းများ ခံကြရသည်။

ပြည့်တန်ဆာအဖြစ်လည်းကောင်း၊ သူတောင်းစားအဖြစ် လည်းကောင်း၊ အိမ်စေအဖြစ်လည်းကောင်း၊ ဇနီးမယားအဖြစ်လည်းကောင်း၊ သဘာဝနှင့် ဆန့်ကျင်ဘက်လိင်ဆက်ဆံမှုကို ခံရခြင်းဖြင့် လည်းကောင်း၊ လူမဆန်စွာ ခိုင်းစေခံရခြင်း၊ လုပ်အားခမရခြင်း၊ နေအိမ်ပြင်ပသို့ မထွက်နိုင်အောင် ပိတ်လှောင်ခံရခြင်း၊ တားဆီးပိတ်ပင်ခံရခြင်း၊ ခန္ဓာကိုယ်မှ အင်္ဂါအစိတ်အပိုင်းများကို အဓမ္မထုတ်ယူခံရခြင်းဖြင့်လည်းကောင်း။

ခရီးသွားစာရွက်စာတမ်းမပါရှိ၍ လုံခြုံရေးအကြောင်းပြကာ တစ်ဖက်နိုင်ငံရှိ ရဲဝန်ထမ်း(သို့မဟုတ်) လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများထံသို့ အပ်နှံမည်ဟု ခြိမ်းခြောက်ခံရခြင်းကိုလည်းကောင်း ခရီးဆုံး၌ ကျွန်မတို့အမျိုးသမီးများ ခံကြရမည်ဖြစ်သည်။

မောင်ဘုရားခေါ်ရာနောက်လိုက်မိသူ ဇနီးမယားကြုံတွေ့ရသည့်ဖြစ်ရပ်မှာ ခရီးဆုံးရောက်သည့်အခါတွင် မိတ်ဆွေအိမ်တစ်အိမ်တွင် တည်းခိုသည်ဖြစ်စေ၊ သို့မဟုတ် တည်းခိုခန်းတစ်ခုခုတွင် တည်းခိုပြီး ခင်ပွန်းသည်မောင်ဘုရားက ဇနီးသည်ချစ်သူသက်ထားအတွက်ဆိုကာ အပြင်ထွက်၍ ပစ္စည်းဝယ်မည်ဆိုပြီး တိတ်တဆိတ်ရောင်းစားပြီး ထွက်သွားတတ်ကြပါသည်။ သို့မဟုတ် အကြောင်းပြချက်တစ်ခုခုဖြင့် ပြင်ပသို့ခဏဟုဆိုကာ ထွက်သွားပြီး ပြန်မလာတော့ပါ။ အမှန်မှာ ခရီးဆုံးရောက်ပြီဖြစ်၍ ငွေနဲ့လဲပြီး စွန့်ပစ်ခြင်းဖြစ်ပါသည်။ ယခင်က လူကုန်ကူးသူ သုံးစွဲခဲ့သော ငွေကြေးများသည် မိန်းကလေးကို ရောင်းရငွေထဲမှ စိုက်ထုတ်သုံးစွဲခြင်းသာ ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ခရီးဆုံးမရောက်ခင် အခြားလူကုန်ကူးသူထံသို့ အကြိမ်ပေါင်းများစွာ လက်ပြောင်းလက်လွှဲ ပြုလုပ်တတ်ကြသည်။ ဤဆောင်းပါးတွင် ဖြစ်ရပ်မှန်ဇာတ်လမ်းများစွာကို အကျဉ်းချုံး၍ တင်ပြလိုပါသည်။ မကြာသေးမီက အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို လက်ထပ်ပြီးရှမ်းပြည်နယ်ဘက်သို့ ပျားရည်ဆမ်းခရီးသွားရန် မန္တလေးမြို့သို့ ရောက်ရှိလာခဲ့သည်။ မန္တလေးရောက်သည့်အခါ သတင်းအရ အမျိုးသားကို တာဝန်ရှိအဖွဲ့အစည်းများက ဖမ်းလိုက်သဖြင့် အမျိုးသမီးက အကြောင်းမဲ့ဖမ်းသည်ဆိုပြီး မကျေမနပ်ဖြစ်ခဲ့သည်။ထိုအခါ သက်ဆိုင်ရာက လွန်ခဲ့သောလကလည်း ယခုအမျိုးသားသည် အမျိုးသမီးတစ်ယောက်ကို လက်ထပ်ထိမ်းမြားပြီး မန္တလေးမှတစ်ဆင့် မူဆယ်သို့သွားရောက်ပြီး တစ်ဖက်နိုင်ငံသို့ ခေါ်ယူရောင်းစားခဲ့ကြောင်း၊ ယခုလည်းရောင်းစားဖို့ လက်ထပ်လာတာဆိုပြီး အထောက်အထားတွေ ပြတော့မှ ထိုအမျိုးသမီးသည် ရှက်စိတ်၊ နာကြည်းစိတ်တို့နှင့် ရင်ထုမနာဖြစ်ပြီး သူ့အမှားအတွက် နောင်တရခဲ့သည်။ အလားတူ မြေလတ်ပိုင်း နယ်တစ်နယ်မှ ဆင်းရဲသော ကလေးမလေးကို အလုပ်ကောင်းကောင်းရမည်ဆိုပြီး လူပွဲစားက ကြိုတင်သုံးလစာ ကျပ်တစ်သိန်းငါးသောင်းကို ကလေးမလေး၏ မိဘတွေကိုပေးရာ မိဘများက ငွေများကြောင်း၊ တစ်လစာပဲယူလိုသည်ဆိုပြီး ငွေငါးသောင်းယူကာ ငွေတစ်သိန်းပြန်ပေးလိုက်သည်။ ထိုလူပွဲစားက ကလေးမလေးကို မန္တလေးမှတစ်ဆင့် မူဆယ်သို့ခေါ်ဆောင်သွားပြီး ရောင်းစားခဲ့သည်။ ထိုအခါကြမှ မိဘနှစ်ပါးက သမီးနှင့်အဆက်အသွယ်မရသဖြင့် သက်ဆိုင်ရာသို့ တိုင်ရသည့်အဆင့် ရောက်ခဲ့ရသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ရန်ကုန်မြို့တွင်နေသော မိန်းမပျိုလေးတစ်ယောက်ကို အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးက ကော့သောင်းရှိ ၎င်းတို့၏ စားသောက်ဆိုင်တွင် တစ်လရှစ်သောင်းနှင့် စရိတ်ငြိမ်း မန်နေဂျာခန့်ပေးမည်ဆိုပြီး ကော့သောင်းသို့ ခေါ်သွားသည်။ ကော့သောင်းရောက်လျှင် ၎င်းတို့၏စားသောက်ဆိုင်၌ အမျိုးသားများနှင့် ကာမစပ်ယှက်ရန် ခိုင်းစေသည်။ ငြင်းဆိုရာ ရိုက်နှက်ခြင်းခံရသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ မြဝတီမြို့တွင်နေထိုင်သူ အသက်ခြောက်နှစ်အရွယ် မိန်းကလေး၏မိဘနှစ်ပါး ကွဲသွားခဲ့ပြီး ဖခင်နှင့် မိန်းကလေးမှာ အတူနေသည်။ ဖခင်က နောက်အိမ်ထောင်ပြုသည်။ နောက်အိမ်ထောင် အမျိုးသမီးက ကလေးမလေး အရွယ်ရောက်လာသည့်အချိန်တွင် တစ်ဖက်နိုင်ငံသို့ ပိုက်ဆံသွားတောင်းမည်ဆိုပြီး ခေါ်သွားသည်။ မဲဆောက်သို့ရောက်လျှင် မိထွေးက ၎င်း၏အသိအိမ်တွင် ကလေးမလေးကိုထားပြီး မြဝတီသို့ပြန်သွားသည်။ ထိုအိမ်က ကလေးမလေးကို တည်းခိုခန်းတစ်ခုကိုပို့ပြီး အဓမ္မပြည့်တန်ဆာလုပ်ခိုင်းသည်။ ထို့နောက် ကလေးမလေးအား နောက်အိမ်တစ်အိမ်သို့ ထပ်မံရောင်းစားပြီး မိထွေးက ရွှေဝယ်ယူသည်။ ဖခင်ဖြစ်သူက သမီးကိုရောင်းရသည့်ငွေနှင့် လောင်းကစားလုပ်သည်။ ထိုကိစ္စကို အဘွားဖြစ်သူသိသည့်အချိန်တွင် သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခဲ့ရသည်။

အလားတူဖြစ်ရပ်တစ်ခုမှာ မန္တလေးမြို့အနီး ရွာတစ်ရွာက ကလေးမလေးသည် မောင်နှမခြောက်ယောက်အနက် အကြီးဆုံးဖြစ်သည်။ မိသားစုအခက်အခဲကြောင့် ကြုံရာကျပန်းအလုပ်ကို လုပ်ကိုင်ခဲ့ရသည်။ ဝင်ငွေလုံလောက်မှု မရှိပါ။ ထိုအချိန်တွင် လင်မယားဟု ထင်ရသောစုံတွဲတစ်တွဲက တစ်ဖက်နိုင်ငံတွင် အလုပ်ရှိကြောင်း၊ စီးပွားရေးကောင်းကြောင်းပြောသည့်အတွက် မိန်းကလေးက ထိုစုံတွဲနှင့်လိုက်သွားခဲ့သည်။ တာချီလိတ်ကတစ်ဆင့် မယ်ဆိုင်၊ ထိုမှတစ်ဆင့် ချင်းရိုင်ရှိ တည်းခိုခန်းတစ်ခုကို သူမကိုခေါ်သွားသည်။ တည်းခိုခန်းတွင် တစ်ညနားမည်ပြောပြီး ကလေးမလေးကို တည်းခိုခန်းတွင် ထားခဲ့သည်။ မကြာမီ တည်းခိုခန်းပိုင်ရှင်က ကလေးမလေးကို သူ့ထံတွင် အလုပ်လုပ်ရန်၊ ကလေးမလေးအတွက် ငွေကြေးကို ခေါ်လာသူစုံတွဲကို ပေးပြီးပြီဟုပြောပါသည်။ ကလေးမလေးတွင် ပြန်ရန် လမ်းစရိတ်လည်းမရှိ၊ မှတ်ပုံတင်လည်းမရှိသောကြောင့် ခြိမ်းခြောက်ခိုင်းစေသည့်အတိုင်း တည်းခိုခန်းတွင် ပြည့်တန်ဆာအဖြစ်နှင့် လုပ်ကိုင်ခဲ့ရပါသည်။

ထိုဖြစ်ရပ်များမှ သင်ခန်းစာများက မယုံကြည်သင့်သောသူများအား မစူးစမ်းမဆင်ခြင်ဘဲ တွေ့သမျှလူ၊ ပြောသမျှလူကို ယုံကြည်ပြီး ထိုသူတွေကိုအထင်ကြီးကာ အားကိုးမိသည့်အတွက် ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးများအနေနှင့် လူကုန်ကူးမှု မခံရအောင် မျက်စိကိုဖွင့် နားကိုစွင့်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဖြစ်ရပ်များကို လေ့လာကြစေလိုပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

ဗိုလ်ချုပ်ကျော်ဖြိုး မိုင်းတုံအထကမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ မိုင်းတုံမြို့နယ် သာယာလှပရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းတွင် မိုင်းဆတ်တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး စားသောက်ကုန်ပစ္စည်းများပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တာဝန်ရှိသူများထံ အလှူငွေနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မိုင်းဆတ်-မိုင်းတုံကားလမ်းဝဲ၊ယာတစ်လျှောက် မိုးစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် မိုင်းဆတ်-မိုင်းတုံ ကားလမ်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် မိုင်းတုံ တပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့်တွေ့ဆုံအမှာစကားပြောကြား၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုင်းမှူးသည် ဩဂုတ် ၁၂ ရက်တွင် မိုင်းတုံမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌကနယ်မြေဒေသအခြေအနေများ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မိုင်းတုံမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး မိုင်းတုံမြို့နယ် ဖာချယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မိုင်းတုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ထားရှိမှုနှင့် ရုံးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာန ငါးသယံဇာတမပြုန်းတီးရေး ပညာပေးဟောပြောပွဲ ကျင်းပ

မြောင်းမြ ဩဂုတ် ၂၁

မြောင်းမြခရိုင်ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် "ပြောင်းလဲဝန်းကျင် ညီစေချင် မြှင့်တင်ကြိုးပမ်း ငါးလုပ်ငန်း" ခေါင်းစဉ်ဖြင့် ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် မြောင်းမြမြို့ ပညာရတနာခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ခရိုင်စိုက်တိုးမြင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြင့်အဖွဲ့ဝင်များ၊ မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းနောင်က Fisheries for Food Security "Adaptation to the changing Environment" "ပြောင်းလဲဝန်းကျင် ညီစေချင်၊ မြှင့်တင်ကြိုးပမ်း ငါးလုပ်ငန်း" ခေါင်းစဉ်ဖြင့် ယနေ့ကမ္ဘာပေါ်တွင် ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ ငါးလုပ်ငန်းဆိုင်ရာ ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိအောင် ထိန်းသိမ်းရေး၊ ငါးထုတ်လုပ်မှုကဏ္ဍ မြှင့်တင်ရေးအတွက် ရေချို၊ ရေငန် ငါးဖမ်းဆီးမှုသာမက ရေရှည်တွင် ငါးထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချသော ကုန်းတွင်းပိုင်းရေချိုဒေသများ ငါးမွေးမြူမှု ပိုမိုထုတ်လုပ်နိုင်ရေး၊ ရေငန်ပုစွန်ကို မွေးမြူနိုင်ရန် စမ်းသပ်ဆောင်ရွက်နေမှုများ၊ ငါးလုပ်ငန်းဆိုင်ရာ မွေးမြူခြင်း၊ ဖမ်းဆီးခြင်း၊ ထုတ်လုပ်ခြင်း၊ တင်ပို့ရောင်းချခြင်း ကဏ္ဍများကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးမှာကြားသည်။

(ခရိုင်ပြန်/ဆက်)

Life Style & Car Expo 2010 ပြပွဲ Supercool ကားတာယာပြခန်းပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၂၁

Life Style & Car Expo 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပြပွဲတွင် Supercool ကားတာယာ ပြခန်းလည်း ပါဝင်ပြသလျက်ရှိပြီး ၎င်းပြခန်းတွင် နိုင်လွန်၊ စတီး(Radial) တာယာ တပ်ဆင်မောင်းနှင်နေသော မော်တော်ကားကြီးများ၏ တာယာ မျက်နှာပြင် အပေါက်အကွဲများ၊ဘေးနံရံ အကွဲဒဏ်ရာများကြောင့် မောင်းနှင်၍ မရတော့သောတာယာများကို မူလပကတိ အတိုင်း အသုံးပြုနိုင်ရန် ပြုပြင်ပေးခြင်း၊ ပန်းသားကုန်အောင် မောင်းနှင်ပြီးသော ကားတာယာများကို အသစ်ကဲ့သို့ ပြန်လည်အသုံးပြုနိုင်ရန် အအေးပေါင်းစနစ်ဖြင့် ပန်းသားအသစ်တပ်ဆင်ခြင်း လုပ်ငန်းကို Kyi Brother Industrials Co.,Ltd. က တစ်နေ့လျှင် တာယာအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်သစ်ကြီးများနှင့် နိုင်ငံခြားသား Superviser ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထုတ်လုပ်ရောင်းချ

အဆိုပါ Supercool အမှတ်တံဆိပ်ပါ Retread Type များကို အမှတ် ၁၇၀ ဦးတရုတ်ကြီးလမ်း လှိုင်သာယာစက်မှုဇုန်(၄) ရန်ကုန်မြို့ ဖုန်း-၇၂၈၃၅၁၊ ၆၈၅၁၄၄ နှင့် ၆၈၅၇၇၈ မှ ထုတ်လုပ်ရောင်းချလျက်ရှိသည်။

Supercool တာယာနှင့် ဆက်သွယ်နိုင်သည့်လိပ်စာများမှာ ရန်ကုန်အရောင်းပြခန်း- အမှတ်(ဈ/၁၉) ဘုရင့်နောင်ဈေး ရှေ့ ဘုရင့်နောင်ပွဲရုံလမ်း ဖုန်း- ၆၈၁၇၉၄၊ မန္တလေး အရောင်းပြခန်း-အမှတ်(၁၆) ၃၆-လမ်း ၈၂လမ်းနှင့် ၈၃လမ်းကြား မန္တလေးမြို့ ဖုန်း-၀၉-၈၅၁၆၀၁၆၊ မော်လမြိုင်ကိုယ်စားလှယ်-အမှတ်(၁၄) ဈေးချိုကားကြီး အဝေးပြေးဝင်း မော်လမြိုင်မြို့ ဖုန်း-၀၉-၈၇၀၀၁၇၇ နှင့် ပဲခူးမြို့ ကိုယ်စားလှယ်-အမှတ်(၅၇/ခ) သွန်းဘုရားလမ်း သွန်းဘုရားရပ် ပဲခူးမြို့ ဖုန်း-၀၉-၅၁၄၀၆၉၅ တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Supercool ကားတာယာပြခန်း ပါဝင်ပြသစဉ်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ ဦးစံရွှေ (တင်မောင်ထက်-ကွမ်းခြံကုန်း)-ဇနီး ဒေါ်တင်အိ (ဆေးဆိုင်) မိသားစုတို့က တန်ဖိုးငွေကျပ် ၁၂၃၇၀၀ ရှိ သုတ၊ရသ စာအုပ်မျိုးစုံ ၁၄၀ ကို ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်/ပြန်ဆက်)

နေပြည်တော်-မော်လမြိုင် အဆင့်မြင့် "တော်ဝင်" ယာဉ်လိုင်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၏ နေပြည်တော်အခြေစိုက် 'တော်ဝင်'ယာဉ်လိုင်းက ပြေးဆွဲပေးမည့် နေပြည်တော်-မော်လမြိုင်အဆင့်မြင့် 'တော်ဝင်' ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် မော်လမြိုင်မြို့ မြေနီကုန်းအဝေးပြေးကားဝင်းရှိ ကားဂိတ်အခန်း F-၄ ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီး မျိုးမြင့် (ငြိမ်း) က ယာဉ်လိုင်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ထို့နောက် မော်လမြိုင်ခရိုင် ဥက္ကဋ္ဌ ဦးသန်းဝင်း၊ နေပြည်တော်အခြေစိုက် တော်ဝင် ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး (ငြိမ်း) တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်မောင်ညွန့်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြေးဆွဲမည့် အဆင့်မြင့် Air Con ယာဉ်ကြီးများကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ ထို့နောက် ယာဉ်ပေါ်တက်၍ ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

နေပြည်တော်အခြေစိုက် တော်ဝင်ယာဉ်လိုင်းက အဆိုပါနေပြည်တော်-မော်လမြိုင်ခရီးစဉ်ကို နေ့စဉ် နေပြည်တော် ဘောဂသီရိအဝေးပြေးကားဝင်းမှတစ်စီးနှင့် မော်လမြိုင် မြေနီကုန်းအဝေးပြေးကားဝင်းမှတစ်စီး ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် ကြိုတင်လက်မှတ်များကို နေပြည်တော် ဖုန်း-၀၆၇-၂၆၂၃၂၊ ၀၆၇-၄၂၀၅၀၊ မော်လမြိုင် ဖုန်း-၀၉-၈၇၀၁၈၈၃၊ ၀၉-၈၇၁၈၂၄၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်ဖွင့်ပွဲကျင်းပ

မြောင်းမြ ဩဂုတ် ၂၁

မြောင်းမြမြို့ ၂၀၁၀ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင်ပြည်သူ့ ဆေးရုံ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်နှင့် မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ခံ ဒေါက်တာခင်သူဇာအောင်တို့ကဆွေးနွေးပြီး အာဟာရပြည့်ဝမည့် အစားအစာများ ချက်ပြုတ်သရုပ်ပြခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆား ပေးဝေခြင်း၊ သံဓာတ်ဆေးပြား၊ ဗီတာမင်ဘီဝမ်းဆေးပြားဖြန့်ဝေခြင်း၊ ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်းတို့ကို တိုက်ကျွေးဆောင်ရွက်ကြသည်။ (ခရိုင်ပြန်/ဆက်)

မြေသားလမ်းဖောက်

မင်းဘူးစည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မင်းဘူး-ငဖဲလမ်းမှ ကျွန်းပြားကျေးရွာသို့ ဆက်သွယ်သော တစ်ကြောင်းထိုး မြေသားလမ်း ဖောက်လုပ်နေမှုကို ဒေသတာဝန်ရှိသူများ ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင် အမှတ်(၂)မြို့မဈေးသို့ သွားရောက်၍ စည်းကမ်းတကျ စနစ်တကျရောင်းချရေးနှင့် ယင်လုံဆန်ခါ တပ်ဆင်အသုံးပြုစေရေး ဆောင်ရွက်ထားမှုများကိုကြည့်ရှုစစ်ဆေးရာ ဈေးတာဝန်ခံ ဦးဇော်ဝင်းနှင့်အဖွဲ့ ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

အထိမ်းအမှတ်ကမ္ဗည်းကျောက်စာတိုင် စက်ခလုတ်နှိပ်ဖွင့်လှစ် ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းကို သံပြိုင်သီဆို တိုင်းရင်းသားရိုးရာအကဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲ

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

✪ရှေ့ဖုံးမှ

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အလံကို လွှင့်တင်သည်။ ထို့နောက် တပ်မတော်သားတစ်ဦး အဖြစ်သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုးနှင့် ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြသည်။

ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများနှင့် ဒေသခံပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းကအဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းက အမှာစကားပြောကြားသည်။

ထို့နောက် ယခုဖွင့်လှစ်သော နယ်ခြားစောင့်တပ်များ အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးများက လက်ခံကြသည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့၊ ဦးကျော်သန်းနှင့် ဦးထွန်းလှိုင်တို့က နယ်ခြားစောင့်တပ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့၊ ဦးကျော်သန်းတို့က ကမ္ဗည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ယင်းနောက် နယ်ခြားစောင့်တပ်များမှ တပ်ဖွဲ့ဝင်များသည် ဒေသခံဒုံးယိမ်းအဖွဲ့များမှ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စု၏ ထာဝရအလှများ တေးသီချင်းကို သံပြိုင်သီဆို၍ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ စုပေါင်းကခုန် ဆင်နွှဲကြသည်။

ထို့အတူ ယဉ်ကျေးမှုအက အဖွဲ့များဖြစ်ကြသော ကွမ်ဘီ၊ နောင်ဘိုကြီး၊ ထန်းတပင်၊ ကြက်တူရွေး၊ အထက်ပိုင်ကျုံ၊ ဒိုင်းပြ၊ ဝင်းစိန်နှင့် တောဝန်းကျေးရွာတို့မှ ဒုံးယိမ်းအဖွဲ့ ရှစ်ဖွဲ့တို့ကလည်း တိုင်းရင်းသားရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူးက ရိုးရာဒုံးယိမ်းအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဆုငွေများပေးအပ်ခဲ့ပြီး တိုင်းရင်းသားတိုင်းရင်းသူများနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် အောခုအော (စည်းလုံးညီညာ)သီချင်းဖြင့် တပျော်တပါး စုပေါင်းကခုန်ဆင်နွှဲကြသည်။

ယင်းနောက် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲကို စစ်ရေးပြကွင်းအနီးရှိ ယာယီစုပေါင်းမဏ္ဍပ်၌ကျင်းပခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကားပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ်ဒေသများ ထာဝရ တည်ငြိမ်အေးချမ်းစေရေးအတွက် ဒို့တာဝန်အရေး(၃)ပါးတို့

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့၊ ဦးကျော်သန်း၊ ဦးထွန်းလှိုင်တို့က အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပိုင်ကျုံမြို့ ထန်းတပင်ကျေးရွာ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်းတိုင်းရင်းသူများနှင့် ဒေသခံပြည်သူများ တိုင်းရင်းသားရိုးရာအကတို့ဖြင့် ပျော်ရွှင်စွာ ကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ခလုတ်နှိပ်ဖွင့်လှစ် င်းကို သံပြိုင်သီဆို ပေါင်းကခုန်ဆင်နွှဲ

ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်
းကျော်သန်း၊ ဦးထွန်းလှိုင်တို့က အရှေ့
နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲ
ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍

(သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာ စားပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပေါင်း
သည်။
းရာဒိုး
းရိုးရာ
ဆင့်
င်းသား
စောင့်
အော
ာပျော်
သည်။
စောင့်
အမှတ်
စ်ရေး
ပေါင်း

မဏ္ဍပ်၌ကျင်းပခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နယ်ခြားစောင့်တပ်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နယ်စပ်ဒေသများ ထာဝရ တည်ငြိမ်အေးချမ်းစေရေး အတွက် ဒို့တာဝန်အရေး(၃)ပါးတို့ ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တရားဝင် လက်နက်ကိုင်ဆောင်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိကြတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဒေသခံပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေး အတွက်လည်းကောင်း မိမိဒေသ မိမိနယ်မြေ၌ ယခုကဲ့သို့ နယ်ခြားစောင့်တပ်များ ဖွဲ့စည်းဖြစ်ပေါ်လာမှုကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပင်ကျေးရွာ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင် သူများ၊ မွန်တိုင်းရင်းသူများ၊ ပအိုဝ်း းသခံပြည်သူများ တိုင်းရင်းသားရိုးရာ ကခုန်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ပျော်ဖြေတင်ဆက်

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်ခြားစောင့်တပ်များ တပ်ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုအကအဖွဲ့များ ဖြစ်ကြသော ဒေသခံကျေးရွာတို့မှ ဒိုးယိမ်းအဖွဲ့တို့က တိုင်းရင်းသားရိုးရာ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

နယ်ခြားစောင့် တပ်များ တပ်ဖွင့်ပွဲ ပျော်ရွှင်စွာ ကခုန်ဆင်နွှဲ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၅ ၇။ အကပြိုင်ပွဲ
၈း၂၀ ၈။ "ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်မည့် ရှမ်းတောင်တန်းဆီက တံတားကြီးများ"
၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀ ၁၀။ "အိမ်တွင်းပုန်းများမကြည့်ရ"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသော မေတ္တာ" (အပိုင်း-၃၆)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း "ဖန်ဂေါ်လီ"(မင်းမော်ကွန်း၊ နေအောင်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-အောင်ဗပါဝါ)
၂း၅၀ ၇။ International News
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅ ၁။ Myanmar National League MNL(2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မကွေး FCနှင့် Southern Myanmar FC)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၂၅)
၆း၃၅ ၆။ တစ်မျက်နှာတစ်ကွက်စာ "စံပယ်မျက်ဝန်း" (ပထမပိုင်း) (ဇင်မင်းခန့်၊ ရန်နိုင်၊ နေလ၊ မိုးဆက်၊ တေဇ၊ အာခိုင်စိုး၊ သီရိရှင်းသန့်) [ဒါရိုက်တာ-မေတင်(MMG)]
၆း၅၀ ၇။ "နှစ်စဉ်နွဲပျော် ဝါဆိုခြင်းပွဲတော်"
၇း၀၀ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၈)**
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ တို့အိမ်ကလေး(နေရဲမာန်၊ တေးရေး-OVATIONအဖွဲ့)
၁၃။ ကာတွန်းအစီအစဉ်" တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၅၃)
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး"(အပိုင်း-၁၄)**
၁၅။ အစီအစဉ်ပြီး၏။

ဗိုလ်ချုပ်အောင်သန်းထွင်၏ အခြေခံစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲ အခမ်းအနား တက်ရောက်

နေပြည်တော်   ဩဂုတ်   ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင်သည် ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသော သင်တန်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး သင်တန်းသူများ ရက်လုပ်ထားသော ဇာထိုး၊ ပန်းထိုး၊ အဝတ်အထည်နှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် လားရှိုးမြို့ ဟူးမွန်ကျေးရွာနေ ဒေသခံတောင်သူတစ်ဦး၏ မျိုးစေ့ထုတ်ပြောင်းစိုက်ခင်းနှင့် မိုးစပါးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဘက်စုံစိုက်ပျိုးမွေးမြူရေးဗဟိုစခန်းသို့ရောက်ရှိကာ ခြံအတွင်း ကြက်နှင့် နွားမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦး ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၁၄ရက်တွင် ပေါင်းတည်မြို့နယ် မှတ်တိုင်တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဓမ္မာရုံ၌ ကျန်းမာရေးဝန်ကြီးဌာန အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အထူးကုဆရာဝန်များအဖွဲ့သည် မျက်စိ၊ ခွဲစိတ်၊ သားဖွား/မီးယပ်၊ ကလေး၊ သွားနှင့်ခံတွင်း၊နား၊ နှာခေါင်း၊ လည်ချောင်း၊ အထွေထွေရောဂါနှင့် အရေပြားဝေဒနာရှင် စုစုပေါင်း လူနာ ၆၅၆ ဦးတို့အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သော ဆေးဝါးနှင့် ကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

အမှာစကားပြောကြား

ထို့နောက်ဒုတိယဝန်ကြီးသည်မှတ်တိုင်ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာ ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်နှင့် ဖောလစ်အက်စစ်ပါသော ကိုယ်ဝန်ဆောင် အားတိုးဆေးများ၊ ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေး ဌာနများအလိုက် ပေးအပ်ကြသည်။

အခမဲ့ဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပေါင်းတည်မြို့နယ် သဖန်းကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာန အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ အထူးကုဆရာဝန်များအဖွဲ့သည် မျက်စိ၊ ခွဲစိတ်၊ သားဖွား/မီးယပ်၊ ကလေး၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေရောဂါဝေဒနာရှင် စုစုပေါင်းလူနာ ၅၇၆ ဦးတို့အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သောကုသမှုများကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ပျဉ်ပုံအုပ်စု သဖန်းကုန်းဈေးဓမ္မာရုံ၌ ကျေးလက်ကျန်းမာရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်နှင့် ဖောလစ်အက်စစ်ပါသော ကိုယ်ဝန်ဆောင်အားတိုးဆေးများ၊ ကျေးလက်နေပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများကို သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်   ဩဂုတ်   ၂၁

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်ထိ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ ညနေ ၃နာရီမှစ၍ ကျင်းပသွားမည်ဖြစ်သည်။ ဖွင့်ပွဲကို ဩဂုတ် ၂၃ ရက်မွန်းလွဲ ၂နာရီတွင် အနုပညာရှင်များ၏ ဖျော်ဖြေမှုများနှင့်အတူ ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲကို ၂၀၁၁ ဆီးဂိမ်းအတွက် လူရွေးပွဲအသွင်ဖြင့်ပါ ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားအလွတ်တန်းနှင့် သက်ငယ်တန်း၊ အမျိုးသမီးအလွတ်တန်းဟူ၍ ပြိုင်ပွဲသုံးရပ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ်ငါးသောင်း၊ တတိယဆုကျပ်သုံးသောင်းချီးမြှင့်မည်ဖြစ်ပြီး အကောင်းဆုံး အားကစားသမားဆုများလည်းချီးမြှင့်မည်ဖြစ်ရာ အကောင်းဆုံးအားကစားသမားဆုကို ကျပ်နှစ်သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။ လာရောက်ယှဉ်ပြိုင်ကြမည့် လက်ဝှေ့အဖွဲ့များကို မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်က ခရီးစရိတ်နှင့် စားစရိတ်များ ကူညီပံ့ပိုးမည်ဖြစ်သည်။ ဆေးစစ်ခြင်းနှင့် ကိုယ်အလေးချိန်ချိန်ခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ဩဂုတ် ၂၂ ရက် နံနက် ၈နာရီမှ ၁၀နာရီအတွင်း မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရုံး သုဝဏ္ဏ၌ ပြုလုပ်သွားမည်ဖြစ်သည်။ သိရှိလိုသော အချက်အလက်များကို ဦးတင်လှိုင်(အထွေထွေ အတွင်းရေးမှူး) ဖုန်း-၀၁-၅၃၅၄၁၉၊ ၀၉-၅၁၈၈၉၃၊ ဦးနေဇော်(တွဲဖက်အထွေထွေ အတွင်းရေးမှူး) ဖုန်း-၀၁-၈၅၅၀၀၈၀၊ ၀၉-၅၀၄၅၈၀၃ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (လက်ဝှေ့အဖွဲ့ချုပ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၂၂-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ (ပုဗ္ဗဏှသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (မေတ္တာနှလုံးသား)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (စိတ်ဖိစီးမှုနှင့် ခေါက်ကိုက်ခြင်း)
၁၀း၄၀	တေးစီးရီး(စိတ်နှင့် စိမ်းတယ်လို့ မှတ်မှာလား-စိုးပိုင်)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင် သူ့ကျေးဇူး ကိုယ့်ကျေးဇူး)
၁၂း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ပန်းများကိုပွင့်စေသူ) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ မြန်မာ-အင်္ဂလိပ်အသံထွက် အိပ်ဆောင်အဘိဓာန် ၂။ Classroom Language
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	သိလိုသမျှမေးကျန်းမာရေး
၁း၂၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မြတ်နိုးစရာကျေးရွာတေးကဗျာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၃၅	ဂန္ထဝင်ရင်ခုန်သံ(၁၁)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၃၀	သုတစုံကြွယ်သိစေဖွယ် (လမ်းလျှောက်ကြပါစို့)
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	Talk on Line (အကယ်ဒမီများရှင်ရန်အောင်) နိုင်ငံရေးဦးတည်ချက်
၇း၃၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ဖျော်ဖြေသီကြွေးသူ့ အလှည့်တေး- (Big Bag) စီးပွားရေးဦးတည်ချက်
၈း၄၀	လယ်ယာစီးပွား (သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း)
၈း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၉း၀၀	ရင်တွင်းခံစားတေးသီချင်းများ (ခင်လှဲ့လှဲ့ဝင်း)
၉း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၃၀	ခေတ်မရွေးသောတေး
၁၀း၀၀	အစီအစဉ်ပြီး၏။

ကြေးမုံ The Mirror

နည်းပညာအင်တာနက်သတင်း

ဘာသာပြန်-တက်လူ

ကားများကို ခွကျော်ကာ မောင်းနှင်နိုင်သော ရေမ ဘတ်စ်ကားကြီး၏ ဒီဇိုင်းပုံစံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကားများအပေါ်မှ ခွကျော်မောင်းနိုင်သော ရေမဘတ်စ်ကားကြီး တီထွင်နိုင်ပြီ

ပေကျင်း   ဩဂုတ်   ၂၁

တရုတ်အင်ဂျင်နီယာများသည် မော်တော်ကားများအပေါ်မှ ခွကျော်ကာ မောင်းနှင်နိုင်မည့် ရေမဘတ်စ်ကားတစ်စီးကို တီထွင်ထုတ်လုပ်ထားကြောင်း၊ ယင်းကားသည် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါကားကို "သုံးဖက်မြင်အဝေးပြေးယာဉ်" (3-D Express Coach)ဟု အမည်ပေးထားသည်။

ရှင်ကျန်းဟွာရှီအမည်ရှိ ကုမ္ပဏီမှ အင်ဂျင်နီယာများသည် သုံးဖက်မြင် အဝေးပြေးယာဉ်ကို တီထွင်ထုတ်လုပ်ထားသည်။

အဝေးပြေးလမ်းများပေါ်တွင် သုံးဖက်မြင်အဝေးပြေးယာဉ်ကို အသုံးပြုနိုင်ခြင်းဖြင့် တရုတ်နိုင်ငံ၏ အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူလာနိုင်မည်ဖြစ်သည်။

သုံးဖက်မြင် အဝေးပြေးယာဉ်၏ပုံသဏ္ဍာန်မှာ မြေအောက်ရထား၏ ရထားတွဲနှင့် တူညီသည်။

အဆိုပါကား၏ အပေါ်ထပ်တွင် ခရီးသည် ၁၂၀၀မှ ၁၄၀၀အထိ လိုက်ပါနိုင်သည်။ ယင်းဘတ်စ်ကားကြီး၏ အောက်ထပ်မှာ တိုးလျှိုပေါက်ဖြစ်ပြီး နှစ်မီတာအောက်နိမ့်သော မော်တော်ကားငယ်များက အောက်ဘက်မှ ဖြတ်သန်းမောင်းနှင်နိုင်မည်ဖြစ်သည်။

လေးမီတာခွဲခန့်မြင့်သော ရေမ ဘတ်စ်ကားကြီးကို လျှပ်စစ်နှင့် နေစွမ်းအင်တို့ဖြင့် မောင်းနှင်နိုင်ရန် ဒီဇိုင်းပုံစံ ထုတ်ထားသည်။

သုံးဖက်မြင် အဝေးပြေးယာဉ်သည် အခြားသော မော်တော်ကားများ၏ လမ်းကြောင်းကို ပိတ်ဆို့စေခြင်းမရှိဘဲ တစ်နာရီလျှင် ကီလိုမီတာ ၆၀ နှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်သည်။

သုံးဖက်မြင် အဝေးပြေးယာဉ်မောင်းနှင်နိုင်ရန် ရထားသံလမ်းကဲ့သို့သောလမ်းကို ဖောက်လုပ်ရမည် ဖြစ်သည်။ အင်ဂျင်နီယာများ၏ လေ့လာချက်အရ အဆိုပါယာဉ်တစ်စီး ထုတ်လုပ်ရန်နှင့် ယင်းယာဉ်မောင်းနှင်မည့် ကီလိုမီတာ ၄၀ အရှည်ရှိ သံလမ်းတစ်လမ်းတည်ဆောက်ရန် ယွမ်ငွေသန်း ၅၀၀ ခန့် အသုံးပြုရမည်ဖြစ်သည်။ ဖော်ပြပါ ကုန်ကျစရိတ်မှာ မြေအောက်ရထားလမ်းဖောက်လုပ်သည့် စရိတ်၏ ၁၀ ရာခိုင်နှုန်းမျှသာရှိသည်။

အင်တာနက်။

ရှင်းလင်းတင်ပြ

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်သော မြစ်ရေတင် ရေစက်ရုံအား စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆) အမှတ်(၃၂) ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၁

ယခုတစ်ပတ်ထုတ် ဖလားနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၂)တွင် မြန်မာနိုင်ငံမှ အသက်(၁၁၈)နှစ်ရှိ ဒေါ်မြကြည် ကမ္ဘာ့အသက်ကြီးဆုံး အမျိုးသမီးဖြစ်လာဖွယ်ရှိ၊ သက်တမ်းလွန် အိုဗာတင်းဘူးများ ဆင်ခြေဖုံးရှိ ရပ်ကွက်ကုန်စုံဆိုင်အချို့တွင် ရောင်းချမှုများရှိနေ၊ ရန်ကုန်မြို့တော်ဝန် ရွှေကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်၊ တိုက်ခန်းများ အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပြီ၊ ကမ္ဘာပေါ်၌ အသည်းရောင်အသားဝါရောဂါအဖြစ်များသည့် နိုင်ငံများတွင် မြန်မာပါဝင်၊ ကျပ်ငါးသိန်းတန် စီဒီအမ်အေဟန်းဆက်များ အရည်အသွေးမမီသည့် ဟန်းဆက်များနှင့် ရောနှောရောင်းချမှုရှိနေစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ပေးလို့ရ မှုမှုရ Myanmar CHANNEL၊ ဓမ္မစေတီခေါင်းလောင်းကြီးနှင့် ပတ်သက်၍ သုတေသနမှူး ဦးကိုကို၏ အသံလွှင့်ဟောပြောချက် (၄)Myanmar DISCOVERY၊ သောင်းပြောင်းထွေလာ ဤကမ္ဘာ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် လူသားတို့ ကျန်းမာရေး၊ ထောင်ထဲကကျောင်းကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'တန်ဖိုးဆိုတာ အဖိုးမဖြတ်နိုင်တဲ့အရာပဲဖြစ်တယ်' အာရုံကြောဆိုင်ရာ ဇီဝဗေဒပညာရှင် ဂွန်ဘယ်ရီနှင့် THE STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူး ဆောင်းပါးနှင့်အတူ ရာသီဥတုပြင်းထန်ဆိုးရွားမှုက ကောက်ပဲသီးနှံအထွက်နှုန်းထိခိုက်၊ ဒီရေလှိုင်းတာဘိုင်စက်ဖြင့် ရှင်းသန့်စွမ်းအင် ထုတ်လုပ်မှုအကောင်အထည်ဖော်၊ အဘိုးအိုတစ်ဦး၏ ရင်ခေါင်းထဲရှိ ပဲစေ့တစ်စေ့မှ အညှောက်ထွက်ပေါ်၊ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က ပင်တဂွန်အသုံးစရိတ်လျှော့ချရေး ကြိုးပမ်း၊ တရုတ်တွင် လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်ရောဂါတိုးပွားလာခြင်းက လိင်မှုကိစ္စအရေးကို ဖြေရှင်းရမည့်အနေအထားသို့ ရောက်ရှိ၊ တရုတ် ဂေဟာမြို့ပြစီမံကိန်း မှုန်ဝါးဝါးရှိဆဲ၊ အိုစမာဘင်လာဒင်၏ ထမင်းချက်အား ထောင်ဒဏ် ၁၄ နှစ်ပြစ်ဒဏ်ချမှတ်၊ H_1N_1 တုပ်ကွေး အဆုံးသတ်ပြီဟု WHOကြေညာ၊ အင်ဒိုနီးရှားတွင် ကလေးနို့မတိုက်သော မိခင်များ ထောင်ဒဏ်ကျခံရဖွယ်ရှိ၊ ၃၂ နှစ်ကြာပြီးနောက် မလေးရှားကမ်းခြေသို့ ရှားပါးလိပ်ပြန်လည်ရောက်ရှိလာစသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် သစ်စေ့ကြဲပွဲအခမ်းအနား ကျင်းပ

ပုသိမ်ကြီးမြို့နယ်တွင် တရုတ်စံကားပင်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၁

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းမှူးက တရုတ်စံကားပင် စိုက်ပျိုးပေးသည်။ (ယာပုံ)

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး ရန်ကင်းတောင်ပေါ်မှ သစ်စေ့များ ကြဲပက် စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းသစ်စေ့ကြဲပက်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဗထူးအားကစားကွင်း၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တာဝန်ရှိသူတို့က ပြိုင်ပွဲတွင် ဆုရရှိကြသော အသင်းများအား တစ်ဦးချင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပြိုင်ပွဲများတွင် ပထမဆုရရှိသော အသင်းများအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုရအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် ပန်းခြံအဝင် လမ်းကူးခုံပေါက်တံတား ပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကိုကိုအောင် ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရုံးလုပ်ငန်း မွမ်းမံသင်တန်းဖွင့်ပွဲ

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်း မွမ်းမံသင်တန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်တွင် မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် သင်္ဂဇာချောင်း ရေပြင်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးဆင်းမှုကောင်းမွန်စေရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေနှင့်အဖွဲ့ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ချယ်ရီလမ်းတံတား အခြေအနေအား ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်က ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ထူးကြီးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၇

ထူးကြီးအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည် ထူးချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် အနီးသစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင် ဘိုး၊ဘွားများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင် သားသမီးများ၏ စာရင်းနှင့် လှူဒါန်းလိုသော အလှူရှင်များ သည် ဩဂုတ်၂၈ ရက် နောက်ဆုံးထား၍ ဦးမျိုးသန့် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၁-၇၃၀၃၈၀၁၃၊ ဦးခင်မောင်ကြည် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၉၂၄၄၁၊ ဦးတင်ဦး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁ ၆၁၈၈၇၊ ဦးမြင့်သန်း(တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း-၂၉၄၁၅၀နှင့် ဗိုလ်ကြီး စန္ဒာနွယ်(ငြိမ်း) (စာရင်းစစ်) ဖုန်း-၀၁-၇၃၀၃၃၁၇၅ တို့သို့ ကြိုတင်ဆက်သွယ်ကြပါရန်နှင့် ထူးကြီးအသင်း(ရန်ကုန်)အသင်းဝင်များနှင့် ထူးကြီးမြို့သူ မြို့သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA) အသင်းသားစုံညီ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၁

IT နည်းပညာကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများတွင် နည်းပညာ စွမ်းအားအသုံးချပြီး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)နှင့် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း (MCIA)တို့၏ နှစ်ပတ်လည်အထိမ်းအမှတ် အသင်းဝင်အချင်းချင်း ပထမဦးဆုံးအကြိမ် အသင်းသားစုံညီ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက်ခ်ရှိ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)တို့မှ အလုပ်အမှုဆောင်များ၊ IT ကုမ္ပဏီအသီးသီးမှ မန်နေဂျင်းဒါရိုက်တာများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် IT ကုမ္ပဏီအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော IT ပညာရှင်များ၊ MCPA အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ IT ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော IT ပညာရှင်များအဖြစ် အလုပ်ဝင်ရောက်လိုသူများနှင့် စိတ်ဝင်စားသူများအားလုံး တက်ရောက်နိုင်သည်။

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) မှ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲမှ ညနေ ၅ နာရီအထိ နှစ်သင်းပေါင်း အမှုဆောင်များနှင့် အသင်းဝင်များအားလုံး ပူးပေါင်းတွေ့ဆုံမည်ဖြစ်သည်။

ပူးပေါင်းဆွေးနွေးမည့်အစီအစဉ်ကို "Bridging the Gap between Industry and Professionals" ဟူသော ဦးတည်ချက်ဖြင့် အစီအစဉ် ငါးရပ်ပါဝင်၍ ကျင်းပသွားမည်ဖြစ်ပြီး ICT Industry အတွင်းရှိ Hardware, Software, Sales & Service, Networking, Banking, Supermarkets, Media, Marketing စသည့် ကဏ္ဍအသီးသီးတွင် ဝင်ရောက်နိုင်သော IT အလုပ်အကိုင် အခွင့်အလမ်းများအကြောင်း၊ လုပ်ငန်းရှင်များဘက်မှ ကျွမ်းကျင် IT ပညာရှင်ခန့်ထားနိုင်ရေးလိုအပ်ချက်များကို MCIAအသင်းဘက်မှ တာဝန်ရှိသူများက ဦးစွာရှင်းလင်းဆွေးနွေးမည်ဖြစ်ပြီး MCPA အလုပ်အမှုဆောင်များနှင့် လက်တွေ့လုပ်ငန်း တာဝန်ထမ်းဆောင်နေကြသော IT ပညာရှင်များက Professionals' Readiness for Industry ခေါင်းစဉ်ဖြင့် လုပ်ငန်းခွင် အသီးသီးအတွက် လိုအပ်လျက်ရှိသော ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသည့် IT ပညာရှင်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် IT နှင့် စီးပွားရေးလုပ်ငန်းအသီးသီးတွင်ရှိသော အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပတ်သက်၍ ကော်မတီအသီးသီးက Job Offer များ တစ်ပါတည်းပေးအပ်သွားမည်ဖြစ်သဖြင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူအသင်းဝင်များအနေဖြင့် မိမိစိတ်ဝင်စားရာအလုပ်များကို ဆက်လက်လျှောက်ထားလုပ်ကိုင်နိုင်မည်ဖြစ်သည်။

၂၀၁၀ ခုနှစ်မှစတင်၍ MCPA ပညာသင်ဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ရာ IT နည်းပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများတက်ရောက်မည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ ကျောင်းများမှ တစ်ဆင့် လျှောက်ထားနိုင်သည့် အစီအစဉ်များလည်း ပါဝင်ကြောင်းသိရှိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) မြန်မာ အင်ဖိုတက်ခ် ဖုန်း-၀၁-၆၅၂၂၇၆နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ရုံးခန်း အခန်း (၂၀၃) ပင်မဆောင် ပထမထပ် ဖုန်း-၀၁-၆၅၂၂၃၈သို့ ဩဂုတ် ၂၅ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ -အမရပူရတောင်မြို့၏ အဘိဓမ္မာညဝါ
- ၇း၂၅ ၄။ ဓမ္မပူဇာတေး
- ၇း၃၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမွှာစုံထောက် (အပိုင်း-၃၂)**
- ၁၁း၃၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်ရိပ်မြုံလေးမှာ**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၃)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ -တွယ်ငြိတတ်သော (ဝါဝါအောင်၊ ထက်အိကလျာ၊ အိမ့်ဖူးငယ်၊ ဝါဝါလွင်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၆၁) (ဇာတ်သိမ်း)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း (အပိုင်း-၇၃)**
- ၂၁။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၁)
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့

တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

နွားထိုးကြီး ဩဂုတ် ၂၁

မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်ထွန်းသည် နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌ ဦးညဏ်မျိုးနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှု ကော်မတီဝင်များနှင့်အတူ တောဆည်ရေသောက်နှင့် ပြောင်းပြာဆည်ရေသောက် စပါးစိုက်တောင်သူများနှင့် ဇူလိုင် ၂၈ ရက်က တွေ့ဆုံပွဲပြုလုပ်သည်။ နွားထိုးကြီးမြို့နယ်တွင် မိုးစပါးဧကသုံးသောင်းလျာထားချက်အမီ စိုက်ပျိုးနိုင်ရေးအတွက် စပါးပျိုးထောင်ရေနှင့် ဆည်ရေအခြေအနေကို ကွင်းဆင်းလေ့လာ၍ မိုးစပါးစိုက်တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သိရသည်။

(၉၅)

ကမ္ဘောဇနှင့် ရတနာပုံတို့ နိုင်ပွဲဆက်

တောင်ကြီး ဩဂုတ် ၂၁

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၃)ကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ရှိ KBZကွင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့ နိုင်ပွဲဆက်ခဲ့ကြသည်။

(KBZကွင်း)

ကမ္ဘောဇအသင်း - တစ်ဂိုး
(ခင်မောင်လွင်)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

မိနစ် ၇၀တွင် သွင်းယူခဲ့သော ခင်မောင်လွင်၏ ဂိုးကြောင့်သာ ကမ္ဘောဇအသင်း နိုင်ပွဲဆက်ခဲ့ခြင်း ဖြစ်သည်။ ဇွဲကပင်အသင်း၏ ကြိုးစားကစားမှုကြောင့် ကမ္ဘောဇအသင်းမှာ အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားသွားရသည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် ကမ္ဘောဇအသင်းမှာ ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ထိပ်ဆုံးမှ ရတနာပုံကို တစ်မှတ်လျော့ဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

၁၁ ပွဲကစားအပြီးတွင် ရမှတ်မရရှိသေးသည့် ဇွဲကပင်ယူနိုက်တက်အသင်းမှာ အဝေးကွင်းတွင် အိမ်ရှင်ကမ္ဘောဇအသင်းကို အကောင်းဆုံးပုံစံဖြင့် တုံ့ပြန်ကစားသွားနိုင်ခဲ့သည်။ ပထမပိုင်းကတည်းက ဇွဲကပင်ယူနိုက်တက်အသင်းမှာ ကမ္ဘောဇအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးရရှိနိုင်သည့် အခွင့်အရေးများကို အသုံးမချနိုင်၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။

စိုးမြတ်မင်းနှင့် စိုးမင်းဦးတို့ကို တိုက်စစ်တွင် ပွဲထုတ်လာသည့် ကမ္ဘောဇအသင်းမှာ အကောင်းဆုံးပုံစံရနေသည့် ဇွဲကပင်အသင်း၏ ကစားပုံကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။ ဒုတိယပိုင်းအစတွင် ခြေစွမ်းမပြနိုင်သော စိုးမြတ်မင်း နေရာတွင် ကျော်သီဟ၊ အောင်ကျော်ဦး နေရာတွင် အောင်မျိုးသန့်တို့ဝင်လာမှ ကမ္ဘောဇ ကစားပုံ ပြန်ကောင်းလာပြီး အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ မိနစ် ၇၀ တွင် တောင်ပံကစားသမား ခင်မောင်လွင်၏ ဂိုးကြောင့် ကမ္ဘောဇအသင်း အိမ်ကွင်းတွင် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇ တိုက်စစ်မှူး စိုးမင်းဦး၏ ထိုးဖောက် ဂိုးသွင်းမှုကို ဇွဲကပင်ဂိုးသမားဟန်မင်းထွန်း ကာကွယ်စဉ်။ (ကြေးမုံ)

(သုဝဏ္ဏကွင်း)

ရတနာပုံ - သုံးဂိုး
(အက်စလေ-နှစ်ဂိုး၊ ထွန်းထွန်းဝင်း)

Delta United - ဂိုးမရှိ

လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ ခြေစွမ်းပြပြီး Delta United ကို ဂိုးပြတ်သွင်းကာ နိုင်ပွဲဆက်သွားခဲ့သည်။ ရတနာပုံအသင်းမှာ ရန်ပိုင်နှင့် ပိုင်စိုး မပါနိုင်သော်လည်း အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။ အနိုင်ဂိုးများကို အိုင်ဗရီကို့စ်တိုက်စစ်မှူး အက်စလေက ၂၉ မိနစ်နှင့် ၇၁ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ၄၉ မိနစ်တွင် ထွန်းထွန်းဝင်းက တစ်ဂိုးသွင်းယူခဲ့သည်။ ပွဲပယ်ပြစ်ဒဏ်များရှိနေ၍ အမာခံနောက်ခံလူများ မပါနိုင်၍ Delta United အသင်းမှာ အားပျော့ခဲ့ရသည်။ Delta United အသင်း၏ တောင်ပံကစားသမား ဘမ်ဘာမှာ ယခုပွဲတွင် ပေါင်ရိုးကျိုးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)

မကွေး - Southern Myanmar
(ဗထူးကွင်း)

နေပြည်တော် - ဇေယျာရွှေမြေ

(ကြေးမုံ)

CHANGHONG ELECTRONIC အရောင်းခန်းမဖွင့်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ထည်ဝါဝင်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် Changhong Electronic အရောင်းခန်းမဖွင့်ပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် အရောင်းခန်းမတည်ရှိရာ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း အမှတ် (၁၈၂/၁၉၄) ရွှေမျက်နှာစာတွင် ကျင်းပရာ ထည်ဝါဝင်း Trading Co., Ltd. ဒါရိုက်တာဦးမြင့်အောင်၊ Zhongshan Changhong Electronic Co., Ltd. မှ Vice General Manager Mr. Guangsheng Teng နှင့် Asia & Pacific Division Manager Mr. Fang Jun တို့က အရောင်းခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ထို့နောက် ညနေ ၆ နာရီခွဲတွင် အရောင်းကိုယ်စားလှယ်ကြီးများအား နှစ်ပတ်လည် ဂုဏ်ပြုချီးမြှင့်ပွဲကို ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom (Level-2) ၌ ကျင်းပရာ ထည်ဝါဝင်း Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသူရအောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ Asia & Pacific Division Manager Mr. Fang Jun က တစ်နှစ်ပတ်လုံး ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်ဆုကို ဦးမျိုးသိန်း (မျိုးသိန်း အီလက်ထရွန်နစ်) နှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

Changhong TV သည် တရုတ်နိုင်ငံ၏ ရောင်းအားအကောင်းဆုံး နံပါတ်(၁)နေရာကို (၁၅)နှစ်တိုင်တိုင် အဆက်မပြတ် ရရှိထားသော တံဆိပ်ဖြစ်သည်။

ရုပ်သံကြည်လင်ပြတ်သား၍ ပါးလွှာပြီး မီးစားအလွန်သက်သာသည့် LED TV-19", 22", 24", 32", 42", 46", 55" များ၊ LCD TV 22", 24", 32", 42" နှင့် Plasma TV 42", 50" များကို တင်သွင်းဖြန့်ဖြူးလျက်ရှိပြီး သာမန် CRT TV မှာဆိုလျှင် 21" နှင့် 29" များကို ဒီဇိုင်းစုံလင်စွာနှင့် တင်သွင်းရောင်းချနေသည်။

2010 တွင် ဈေးကွက်အတွင်းသို့ အရည်အသွေးမြင့် ၄၅ ရာခိုင်နှုန်း မီးစားသက်သာသော Split Type DC Inverter နှင့် ပုံမှန် Split Type Series များတွင် 0.5 HP (5,000 BTU/HR), 1.0 HP (10,000 BTU / HR), 1.5 HP (13,000 00 BTU / HR), 2.0 HP (18,000 BTU / HR), နှင့် 3.0 HP (24,000 BTU / HR)ထိ ဖြန့်ဖြူးရောင်းချနေပြီဖြစ်သည်။ အအေးနှုန်းမြင့်မား၍ ကျန်းမာရေးနှင့်ညီညွတ်သော Wall Mounted Split Type, Window, Portable, Corner Ceiling, Ceiling Cassette, Duct Type, Floor Standing, Water Cool Package စသည့် Air - con အမျိုးမျိုးကို 0.5 Horse Power မှ 25.0 Horse Power အထိ ရရှိနိုင်သည်။ Sanyo, Hitachi, Toshiba, Daikin အစရှိသည့် နာမည်ကြီး Japanese Compressor များကို ထည့်သွင်းအသုံးပြုထားသည်။

ယခုထပ်မံအသစ်တင်သွင်းလိုက်သော Refrigerator Single Door, Double Door များကို Defrost နှင့် Frost Freezer, Chest Freezer နှင့် Washing Machine တွင် Fully Auto, Semi Auto တို့သည် မီးစားသက်သာပြီး အမျိုးအစားစုံလင်စွာဖြင့် ရရှိနိုင်သည့်အပြင် ဈေးနှုန်းသင့်တင့်မျှတသည့် Changhong Electronic ပစ္စည်းများကို သုံးနှစ်အာမခံပေးထားပြီး တစ်နှစ်အတွင်း ပစ္စည်းနှင့် လက်ခအခမဲ့၊ ကျန်နှစ်နှစ်ကို လက်ခအခမဲ့ဖြင့် ဝန်ဆောင်မှုပေးသည်။

ခေတ်မီဆန်းသစ်သည့် နည်းပညာ၊ ဆန်းပြားသည့် ဒီဇိုင်းစုံ၊ အရည်အသွေးစုံ အီလက်ထရွန်နစ်ပစ္စည်းများကို အရောင်းခန်းမသစ်ဖြစ်သော အမှတ်(၁၈၂/၁၉၄) ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၃၀၄၄၇၉၂တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင် ငံ တ ကာ အား က စား သ တင်း များ

နောက်ခံလူဗီဒစ် လေးနှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆို

မန်ချက်စတာ ဩဂုတ် ၂၁

မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုး လက်မှတ်ရေးထိုးနေသည့် ဗီဒစ်။

မန်ယူနောက်ခံလူ ဗီဒစ်သည် အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို တိုးမြှင့်ချုပ်ဆိုလိုက်ပြီဟု အသင်းဝက်ဘ်ဆိုက်မှ တရားဝင်ကြေညာလိုက်သည်။

အသက်(၂၈)နှစ်ရှိ ဆားဘီးယားနိုင်ငံသား ဗီဒစ်သည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းကို စွန့်ခွာ၍ အီတလီစီးရီးအေမှ အေစီမီလန်နှင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းများသို့ ပြောင်းရွှေ့ရန် စိုင်းပြင်းနေခဲ့သူဖြစ်သည်။ သို့သော် မန်ယူအသင်း၏ အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်၏ ကြိုးပမ်းမှုကြောင့် ဗီဒစ်သည် ယခုကဲ့သို့ မန်ယူအသင်းနှင့် ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုဖြစ်သွားခဲ့ခြင်း ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလကပင် စပါးတပ်မော်စကိုအသင်းမှ မန်ယူအသင်းသို့ ရောက်ရှိလာခဲ့သည့် ဗီဒစ်သည် မန်ယူအသင်းဆုဖလားများရရှိခဲ့မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ ယင်းအပြင် လက်ရှိအချိန်တွင် မန်ယူနောက်ခံလူဖာဒီနန်မှာ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိသေးသည့်အတွက် ဗီဒစ်မှာ နည်းပြ ဖာဂူဆန်၏ အဓိကအားကိုးနေရသည့် ဗဟိုနောက်ခံကစားသမားတစ်ဦးလည်းဖြစ်သည်။ ***အင်တာနက်။***

ဘရာဇီးကြယ်ပွင့် နေမာ ဆန်းတို့စ်နှင့် ငါးနှစ်စာချုပ် ချုပ်ဆို

ဘရာဇီးလီးယား ဩဂုတ် ၂၁

အင်္ဂလန်ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိခဲ့ပြီဟု သတင်းများ ထွက်ပေါ်ခဲ့သည့် ဘရာဇီးကြယ်ပွင့် နေမာသည် ဆန်းတို့စ်အသင်းနှင့် ငါးနှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် တိုးမြှင့်ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် အသက် (၁၈)နှစ်သာရှိသေးသည့် ဘရာဇီးနိုင်ငံသားဘောလုံးပါရမီရှင်လေး နေမာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ကျော်၊ တစ်ပတ်လုပ်ခလစာ ၅၅၀၀၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ၎င်းက ငြင်းဆန်ခဲ့ပြီး ဆန်းတို့စ်အသင်းတွင်သာ ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော် ချယ်လ်ဆီးအသင်း နည်းပြ အန်ဆယ်လော့တီကမူ နေမာသည် တစ်နေ့တွင် ချယ်လ်ဆီးကစားသမားတစ်ဦး ဖြစ်လာရမည်ဟု ဆိုခဲ့သည်။

အင်တာနက်။



ဘရာဇီးဘောလုံးပါရမီရှင် လူငယ်ကစားသမား နေမာ။

ဝင်းတင်(ကြေးမုံ)

ပရီမီယာလိဂ် ပွဲစဉ်(၂)ရလဒ်များ

အာဆင်နယ်	**၆-၀**	**ဘလက်ပူးလ်**
ဘာမင်ဂမ်	**၂-၁**	**ဘလက်ဘန်း**
အဲဗာတန်	**၁-၁**	**ဝုလ်ဗာဟမ်တန်**
စတုတ်စီးတီး	**၁-၂**	**စပါး**
ဝက်စ်ဘရွန်း	**၁-၀**	**ဆန်းဒါးလန်း**
ဝက်စ်ဟမ်း	**၁-၃**	**ဘော်လ်တန်**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးနှင့် မြို့ပေါ်ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ခြင်၊ ယင်များနှိမ်နင်းရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသက်ပိုင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပဲနွယ်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၁

ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) အောက်တိုဘာ ၂၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပဲနွယ်ကုန်းမြို့ အထက ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးငွေဝင်း ဖုန်း-၀၉-၅၁၁၈၁၉၄၊ ဒေါ်ခင်စန်းရီ (မင်္ဂလာဈေး) ဖုန်း-၀၁-၂၂၃၉၀၄၊ ဦးသန်းထွန်း (ဂမုန်းပွင့်) ဖုန်း-၀၉-၅၁၇၅၅၁၀၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀၂၀၁၀၄၊ ဒေါက်တာသိန်းထွန်း ဖုန်း-၀၅၄-၅၅၀၃၅၊ ဦးနေဝင်း (ဇေယျာညွန့်) ဖုန်း-၀၉-၄၉၄၄၀၃၄၅၊ ဦးမိုးကျော်စွာ(ဇောတိက) ဖုန်း-၀၉-၅၁၇၀၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေအားနည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၆ ဒသမ သုည ဒီဂရီစင်တီဂရိတ်)	၉၇ဒီဂရီဖာရင်ဟိုက်	၂၀-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၃ ဒသမ သုည ဒီဂရီစင်တီဂရိတ်)	၇၃ ဒီဂရီဖာရင်ဟိုက်	၂၁-၈-၂၀၁၀
၉နာရီခွဲအချိန် စိုထိုင်းဆ ၆၅ ရာခိုင်နှုန်း		၂၁-၈-၂၀၁၀
မိုးရေချိန်	မရှိပါ	၂၁-၈-၂၀၁၀

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

စာအုပ်စာပေ လူ့မိတ်ဆွေ

ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ချောက် ဩဂုတ် ၂၁

ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာ၊ နယ်မြေအလိုက် အလွတ်တန်းဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် ညနေ ၃ နာရီက ချောက်မြို့နယ်အားကစားပြိုင်ကွင်း၌ကျင်းပရာ မြို့နယ်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်ရေနံမြေ အထွေထွေမန်နေဂျာ ဦးကျော်ဝင်း၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

နှုတ်ဆက်အားပေး

ပြိုင်ပွဲဝင်အသင်းများ နေရာယူကြပြီး အသင်းခေါင်းဆောင်များက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။ ထို့နောက် အထက(၂) ကျောင်းသူကလေးများက ပန်းဖွားအကဖြင့် ကပြဖျော်ဖြေ၍ ပထမပွဲစဉ်အဖြစ် အမှတ်(၇)ရပ်ကွက်အသင်းနှင့် အမှတ်(၅)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အသင်းဝင်အားကစားသမားများအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ဘောလုံးအသင်းဥက္ကဋ္ဌဦးဝင်းနိုင်၊ မြို့နယ်အား/ကာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦးတို့က လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေနဒီဈေး မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီး စနစ်တကျ သွယ်တန်းထားရှိမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော် ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်ပျဉ်းမနား အထက(၂)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ရက် မွန်းလွဲ ၁ နာရီခွဲတွင်နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဌေးဇင်နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၃၆၂ ဦး တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေး တပ်ခွဲ(၁) တပ်ခွဲမှူး ဒုတိယရဲမှူးအောင်မြင့်ကျော်က ယာဉ်မတော်တဆမှု မဖြစ်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးကြပြီး ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းစေရေး ယာဉ်တိုက်မှုဖြစ်စဉ်သာဓကများ ချပြဟောပြောပြီး ပညာပေးဇာတ်လမ်းတို အခွေများကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့်ပြသ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ဩဂုတ် ၁၅ရက်က ကျင်းပသည့် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော လမ်းအရှည် ခြောက်မိုင်တစ်ဖာလုံရှိ ဆင်ခေါင်း-စကု အမာခံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အဖွဲ့ လမ်းပိုင်းအားကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ငါးမျိုးစိုက်ထည့်

ကွမ်းခြံကုန်း ဩဂုတ် ၂၁

ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စပါးခင်းများသို့ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ဝါးကောက်တောကျေးရွာ၌ ဩဂုတ် ၁၈ ရက်က ကျင်းပရာ ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဦးဝေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးကောင်ရေ ငါးသောင်း စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)

စစ်ကိုင်းမြို့ ရတနာပုံလမ်းဘေး ဝဲ၊ ယာတွင် မြို့သာယာလှပရေးအတွက် မြက်၊ ချုံများ ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ရုံးဝန်ထမ်းများ ဇူလိုင် ၂၀ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းဆွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သဘာဝသစ်သီးဖျော်ရည်နှင့် ယိုမျိုးစုံသင်တန်းဖွင့်မည်

တောင်ကြီး ဩဂုတ် ၂၁

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)မှ တောင်ကြီးမြို့၌ (၃၅)ကြိမ်မြောက် သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်း သင်တန်း ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများသည် အထက်တန်းရက်ကန်းကျောင်း ရေအေးကွင်းရပ် အရှေ့မြို့ပတ်လမ်း တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၆၁၄ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

အထူးတန်း ပွဲကြည့်စင်သစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ပြည်သူ့အားကစားကွင်း အထူးတန်းပွဲကြည့်စင်သစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အပျော်တမ်းကလပ်အသင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၆ရက် ညနေ ၃နာရီတွင် အဆိုပါ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူတို့က အထူးတန်းပွဲကြည့်စင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပထမနေ့ပြိုင်ပွဲများ ကျင်းပသည်။ အဆိုပါ အထူးတန်းပွဲကြည့်စင်သစ် ဆောက်လုပ်ရေးအတွက် အားကစားဝန်ကြီးဌာနက ငွေကျပ် ၁၂၈သိန်းကျော် ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ် ပြည်သူ့အားကစားကွင်း အထူးတန်းပွဲကြည့်စင်သစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အပျော်တမ်းကလပ်အသင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၉)ရပ်ကွက် အောင်သစ္စာလမ်းနေ ဒေါ်မြင့်မြင့်စိန်၊ သား မောင်စည်သူကြီးမြင့် မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြို့နယ်သတင်းများ

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရှင်းလင်းတင်ပြ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများဖြစ်သော မြို့မဈေး၊ ကုန်ခြောက်၊ သား၊ ငါးဈေး၊ စဝ်စံထွန်းဈေး၊ အေးသာယာ/အေးသီရိဈေး၊ ရွှေညောင်ဈေးများ မီးဘေးလုံခြုံရေးလုပ်ငန်းများကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်လိုက်လံစစ်ဆေးရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ၊ မြို့နယ်တာဝန်ခံ အမှုဆောင်အရာရှိ ဦးအောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးဌာနနှင့် ဈေးကော်မတီဝင်များ ရှင်းလင်းတင်ပြကြစဉ်။

(သတင်းစဉ်)

သတင်းစာကိုယ်စားလှယ်လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ်ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက်ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

The New Light Of Myanmar သတင်းစာတိုက်
ဖုန်းအမှတ် ၀၁-၃၉၂၂၂၆
၀၁-၃၉၂၃၀၄ သို့ ဆက်သွယ်နိုင်ပါသည်။

၂၀စီအမ်သပိတ်အဖုံး ပုံထောင်းဒိုင်ပုံစံအသစ်(၁)စုံနှင့် ၂၀စီအမ် သပိတ်အဖုံးပွတ်တိုက်မိုလ်ပုံစံအသစ်(၁)ခုအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ ကြွေရည်စိမ်ပစ္စည်းစက်ရုံ အမှတ်(၁) အတွက်လိုအပ်သော ၂၀စီအမ်သပိတ်အဖုံး ပုံထောင်းဒိုင်ပုံစံအသစ်(၁)စုံနှင့် ၂၀စီအမ်သပိတ်အဖုံး ပွတ်တိုက်မိုလ်ပုံစံအသစ်(၁)ခု ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၃-၉-၂၀၁၀ ရက်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ် စက်မှုညွှန်ကြားရေးဦးစီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန (နေပြည်တော်)၊ ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၁)တွင် တင်ဒါပုံစံများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူသူထံမှ တင်ဒါကိုသာ လက်ခံပါမည်။

၃။ အသေးစိတ်သိလိုပါက မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်)နှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၁) တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၁၄၆၊ ၀၁-၆၆၁၃၁၇၊ ၀၁-၆၆၀၈၇၆ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကြွေရည်စိမ်ပစ္စည်းစက်ရုံအမှတ်(၁)
မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း

CNG TAXI ရောင်းမည်

MAZDA323, 84 model 5 Speed 70 L, ဆေးဘော်ဒီသစ်
Ph:73009832,
095150031
095060395

ရောင်းမည်

FE 53, 2001 model, ၃ဂ/-Canter
FE 83, 2004 model, ၃ဂ/-Canter
စမ်းချောင်း၊ ဇလွန်လမ်း(၆)လွှာ၊ 25×50 တိုက်သစ်
Ph:526825, 500627, 73036661

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Tone TMW 520 Spare Parts များကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(US Dollar)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများကို ပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

ချိပ်ပိတ်တင်ဒါအမှတ်	-	FQ NO.12/TMW SPARE/IRR/2010-2011
ပစ္စည်းအမျိုးအမည်	-	Tone TMW 520 Spare Parts
အရေအတွက်	-	(13)Items
ချိပ်ပိတ်တင်ဒါပိတ်ရက်	-	၉-၉-၂၀၁၀ ရက်(ကြာသပတေးနေ့)

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ် ၃၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆



ပေးအပ်လှူဒါန်း

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်နိုင်ရန်အတွက် ဦးလွန်းမောင်လမ်း မရမ်းကုန်းမြို့နယ်နေ အသင်းနာယက အရိုးအကြောအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်သန်းထွန်းမိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးကျန်ထွန်း၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူစဉ်။

(ကြေးမုံ)

ဩဂုတ် ၁၄ ရက်က အင်းစိန် အမက(၂၇)၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်ဘာသာစုံပထမ၊ မြို့နယ်ဘာသာရပ် မြန်မာစာ၊ လူမှုရေးပထမဆုရ စတုတ္ထတန်းမှ မယမင်း ဥမ္မာအား ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်အေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်လျက် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး စီမံချက်အရ ဇူလိုင် ၁၅ ရက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်လောက်လမ်း ပိုးသတ်ဆေးများအား မြို့ပေါ်ရပ်ကွက်များနှင့် စာသင်ကျောင်းဆောင်များတွင် စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သံတွဲခရိုင်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၂၁

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ အဌမအကြိမ်စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများသည် ဦးချစ်မောင် ဖုန်း-၀၉-၈၅၉၁၈၅၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၈၅၁၁၄၆၀၄၊ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ဦးသာဒင် ဖုန်း-၇၃၀၁၅၃၇၉၊ ဦးထင်ကျော်လင်း ဖုန်း- ၅၁၆၆၅၆၊ ဦးအောင်ကျော်ထွန်း ဖုန်း-၇၃၀၁၅၅၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးမီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) မီးသတ်ဦးစီးမှူး ဦးတင်ဖေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကံဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရာထမ်းငယ် အခြေခံသင်တန်းဆင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က ဆုရရှိကြသူများအား ဆုချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြန်လည်ဆောင်ရွက်ပြီးသော မောင်တော-ကြိမ်ချောင်း ကျေးလက်လမ်းပေါ်ရှိ သစ်သားတံတားလေးစင်းနှင့် ၎င်းလမ်းပေါ်ရှိတံတားများကြံ့ခိုင်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ဇူလိုင် ၂၇ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ) ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့် တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

ဇနီးမယားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးတိုးသန်း[၁၂/သကတ(နိုင်)၁၁၂၈၁၅]၏ ဇနီးဖြစ်သူ မသီတာတင်[၁၃/တကန (နိုင်)၀၆၇၈၃၃](ဘ)ဦးဘတင်သည် ကျွန်တော်၏ ဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောကိစ္စများ အကြိမ်ကြိမ်ကျူးလွန်ပြီး အိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတိုးသန်း[၁၂/သကတ(နိုင်)၁၁၂၈၁၅]

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြစ်ရေကြီးမှု သတိပေးချက်
ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက် ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂၁

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၈၁ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ထူးဆန်းထွေလာ အင်တာနက် သတင်းကမ္ဘာ

စုစည်းပြန်ဆို
ဟန်သစ်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အတပ်ဟောဆရာ ရေဘဝဲပေါလ်
အင်္ဂလန်၏ အထူးသံတမန်ဖြစ်လာ

လန်ဒန် ဩဂုတ် ၂၁

အင်္ဂလန်နိုင်ငံသည် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ကြိုးပမ်းလျက်ရှိရာတွင် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့်အတူ ထင်ပေါ်ကျော်ကြားခဲ့သည့် ရေဘဝဲပေါလ်ကို အထူးသံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

အင်္ဂလန်မြေတွင် ပေါက်ဖွားခဲ့သည့် ပေါလ်သည် ယင်းနှစ် ၂၀၀၈ ခုနှစ်ကပင် ဂျာမနီသို့ ရောက်ရှိခဲ့ပြီး ဝေးလ်မောက်အဏ္ဏဝါပြတိုက်၌ နှစ်နှစ်တာနေထိုင်ကြီးပြင်းခဲ့ရသည်။ **စာမျက်နှာ ၅ ကော်လံ ၄ သို့** ❖

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၉ မိနစ် ၂၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ ဆီမြူလူ) နေရာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အင်္ဂလန်တွင် ၂၀၁၈ ကမ္ဘာ့ဖလား ကျင်းပခွင့်ရရေးအတွက် သံတမန်ဖြစ်လာသည့် ရေဘဝဲပေါလ်။ *(ဓာတ်ပုံ-အင်တာနက်)*

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၁-၈-၂၀၁၀)

ကသာ	၄ ဒသမ ၃၃ လက်မ
ပူတာအို	၄ ဒသမ ၁၀ လက်မ
သထုံ	၄ ဒသမ ၀၅ လက်မ
လောင်းလုံ	၃ ဒသမ ၀၃ လက်မ